The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ (7-10-2014) (၇၉၇၆)

**တပေါဲ စတဲမင်္ဂလ မုတ္တမံ**

**ဖြိုးဖြံ ချွေတာခြင်းသည်**

**မြတ်သောမင်္ဂလာ မည်၏။**

## မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်

**နေပြည်တော် အောက်တိုဘာ ၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ရောက်ရှိ

**နန်နင်း အောက်တိုဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ကျင်းပမည့် (၄၅)ကြိမ်မြောက် ကမ္ဘာ့ကျွမ်းဘားတံခွန်စိုက်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ နန်နင်းမြို့ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမြင့်ထွန်း၊ ကွမ်ရှီးပြည်နယ် နိုင်ငံခြားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စစ်ဝိန်းယီနှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည်မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့☆**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Ma Biao နှင့် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

## ဂျပန်ရေယာဉ်သစ်အား ငွေကျပ် ၁၀၀ ဖြင့် ပြည်သူများ စီးနင်းနိုင်တော့မည်။

စာမျက်နှာ » ၉



# ပြည်တွင်းပြည်ပခရီးသွားများ လာရောက်ကြသည့် ချင်းပြည်နယ်မှ ရိဒ်ရေကန်သာ

*ကလေး-ဝင်းသူ*

ချင်းတောင်တန်းပေါ်က "မြို့ဖလမ်း"ကား တောင်ဇလပ်ပန်းများ၊ ချယ်ရီပန်းများ ဖူးပွင့်ဝေဆာအလှဖြာ၍နေသော မြို့တစ်မြို့ဖြစ်ပါသည်။ ထိုမြို့ဖလမ်းတွင် ချင်းတိုင်းရင်းသားများ စုံညီအေးချမ်းစွာနေထိုင်လျက်ရှိပါသည်။

ထိုဖလမ်းမြို့၏ အနောက်မြောက်ဘက် ၆၄ မိုင်နှစ်ဖာလုံအကွာတွင် "ရိဒ်ရေကန်"ရှိရာ ရိဒ်ခေါဒါရ်မြို့နယ်ခွဲရှိသည်။ ထိုမြို့နယ်ခွဲသည် ဖလမ်းခရိုင်အဖြစ်တိုးချဲ့ရာမှ ဖြစ်ပေါ်လာသော မြို့ငယ်တစ်မြို့ဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့စွဲပါ ကြော်ငြာစာအရ "ရိဒ်ခေါဒါရ်မြို့နယ်ခွဲ"အဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ဖလမ်းခရိုင်ရှိ ရိဒ်ခေါဒါရ်မြို့နယ်ခွဲသည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေအမြင့်တွင်တည်ရှိပါသည်။ ကျွန်တော်နေထိုင်ရာ ကလေးမြို့မှသွားလျှင် ကလေး-တီးတိန်- ရိဒ်ခေါဒါရ်သည် ၈၉ မိုင်ကွာဝေးပါသည်။ ကလေး-တီးတိန်-ရိဒ်ခေါဒါရ်သို့ နေ့စဉ်လိုင်းကားများ ပြေးဆွဲပေးနေသဖြင့် လွယ်ကူစွာသွားရောက်နိုင်ကြပါသည်။ မိုးရာသီတွင် လမ်းပျက်လေ့ရှိသဖြင့် ကလေးမြို့စက်မှုဇုန်ထုတ် ဟွိုင်မှာဂျစ်ကားတို့ဖြင့် စီးနင်းသွားလာနိုင်ပါသည်။

ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့နယ်ခွဲတွင် ချင်းတိုင်းရင်းသားပေါင်း ၅၇၀၀ ကျော်နှင့် ဗမာအပါအဝင် အခြားလူမျိုး ၁၀၀ စုပေါင်းနေထိုင်လျက်ရှိပါသည်။ ခရစ္စယာန်ဘာသာဝင် ၉၇ ဒသမ ၅၇ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာဝင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂**



**ကြေးမုံစာတည်းရှုထောင့် ၇-၁၀-၂၀၁၄ [အင်္ဂါနေ့]**

# ပွင့်လင်းရာသီနှင့် မြို့ပြပြည်သူ

မိမိတို့နိုင်ငံအတွင်းမှ မုတ်သုံရာသီ စတင်နုတ်ဆက်ထွက်ခွာနေပြီ။ နိုင်ငံမြောက်ဖျား တောင်ထွတ်များတွင် နှင်းများထူထပ်စွာကျရောက်နေဆဲ။ မုတ်သုံဆုတ်ခွာပြီး မြောက်ပြန်လေအေး ဖျန်းပက်လာစ ဥတုရာသီတွင် အသာယာဆုံးကာလ၊ စပ်ကူးမပ်ကူးကာလတိုလေး ကုန်ဆုံးသည်နှင့် နေ့ပူညအေးနှင့် ဆောင်းရာသီအေး ဝင်ရောက်လာတော့မည်။

မိုးကာလတစ်လျှောက်လုံး တယုတယဖြင့် ပြုစုပျိုးထောင်စိုက်ပျိုးလာခဲ့ကြသော သစ်ပင်ပန်းမန်များ နေ့အပူချိန် အောက်မှာ ညှိုးခြောက်မသွားရလေအောင် မိမိတို့ရေလောင်းပေါင်းသင်လုပ်ကြရတော့မည်။ မြေကမ္ဘာ၏ ဖန်လုံ အိမ်အာနိသင်ကို ချေဖျက်နိုင်စွမ်း၊ နေမှတိုက်ရိုက်ဝင်ရောက်လာသော ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်တားဆီးပေးနိုင်စွမ်းသည့်အရာမှာ သစ်တောသစ်ပင်များသာဖြစ်သည်။

ထို့ကြောင့်လည်း မိမိတို့နိုင်ငံသားများ မိုးတွင်းကာလတစ်လျှောက်လုံး နိုင်ငံအနှံ့မှာ သစ်ပင်များစိုက်ပျိုး၍ ကုသိုလ်ယူခဲ့ကြသည်။ မိုးဦးလေနှင့် မိုးရေစက်တွေအောက်မှာ မြူးကြွလန်းဆန်းနေခဲ့သော သစ်ပင်ပန်းမန်များ ယခုအခါ နေ့အချိန် တံလျှပ်အပူလွန်ကဲမှုဒဏ်ခံလာကြရတော့မည်။ မြေကြီးအပေါ် အမြစ်တွယ်ခါစမို့ မိမိတို့စိုက်ပျိုးပင်များအား မျက်စိအောက်မှာထားကာ ရေလောင်းပေါင်းသင်ပြုစုပေးကြရပါဦးမည်။ နောင်နှစ်မိုးဦးကာလထိတိုင်ဖြစ်ပါသည်။

အထူးသဖြင့် လူဦးရေထူထပ်သော၊ ယာဉ်များများပြားသော၊ စက်ရုံအလုပ်ရုံပေါများသော ရန်ကုန်လိုနေရာမျိုးတွင် လမ်းဘေးအရိပ်ရသစ်ပင်များ အထူးလိုအပ်ပါသည်။ မြို့ပြသည် သစ်ပင်ပန်းမန်များနှင့် အစဉ်စိမ်းစိုသည့် ပန်းဥယျာဉ်မြို့တော်ဖြစ်နေပါမှ မြို့ပြနေပြည်သူများ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပါမည်။ ကမ္ဘာနှင့်အဝှမ်းတွင် ဖန်လုံအိမ်အာနိသင်ကို စူးရှပြင်းထန်ခံစားနေကြရချိန် မြို့ပြများတွင် ပို၍သိသာစေပါသည်။ "ကားအိပ်ဇောမှထွက်သည့် ကာဗွန်များ၊ စက်မှုဇုန်များမှ ထုတ်လွှတ်သည့်ကာဗွန်များကြောင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုကြုံတွေ့ကြရပါသည်။

ပွင့်လင်းရာသီရောက်ပြီဆိုသည်နှင့် ကြုံတွေ့ရတတ်သည်မှာ ကာဗွန်လွန်ကဲမှုအန္တရာယ်များ၊ လျှပ်စစ်ဓာတ်အားကို သတိမမူသုံးစွဲမှုများကြောင့်ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များဖြစ်သည်။ အခြားအခက်အခဲတစ်ခုမှာ သောက်သုံးရေပြဿနာပင်။ မြို့ပြလူဦးရေတိုးပွားလာနေမှုက သောက်သုံးရေကို အခက်ကြုံတွေ့ကြရသည်။ ရန်ကုန်သောက်သုံးရေအတွက် မိုးရေလှောင်ကန်၊ တာတမံများ၊ အဝီစိတွင်းရေများကို အားကိုးနေရဆဲဖြစ်သလို အချို့အဝီစိတွင်းရေများ ထုတ်ယူသုံးစွဲမှုများလာသောကြောင့် ရေချိုကုန်ခန်းစပြုလာနေပြီ။

ရန်ကုန်မြို့သောက်သုံးရေကို ရေလှောင်ကန်ကြီးသုံးခုမှ ဖြန့်ဝေပေးလျက်ရှိရာတွင် နေ့စဉ်ရေဂါလန် သန်း ၂၀၀ ပေးဝေနေလည်း ပြည်သူများထံ အပြည့်အဝမရောက်နိုင်သေး။ ပို့လွှတ်သမျှရေမှ ၄၅ရာခိုင်နှုန်း လေလွင့်ဆုံးရှုံးလျက်ရှိနေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ရေပို့လွှတ်သည့်ပိုက်များပေါက်နေ၍ဟု သိရသည်။ တချို့ပိုက်များမှာ နှစ်ပေါင်း ၁၀၀ကျော်သွားပြီဖြစ်၍ သံချေးတက် ဆွေးမြည့်ကုန်ပြီဖြစ်သည်။ ပိုက်ဟောင်းများ အသစ်လဲလှယ်ခြင်းကို အပိုင်းသုံးပိုင်းခွဲခြားဆောင်ရွက်လျက်ရှိနေသည့်တိုင် ရေအလေအလွင့်လျှော့ချမှုကို လာမည့် ၂၀၄၀ ပြည့်နှစ်ရောက်မှသာ အနိမ့်ဆုံးအဆင့်ရောက်အောင် လုပ်ဆောင်နိုင်မည်ဟု သိရသည်။ ရန်ကုန်ရေပေးဝေရေးတွင် အားဖြည့်နိုင်ရေးအတွက် ကုက္ကိုဝနှင့် လဂွန်းပြင်မြစ်ရေ သန့်စင်စီမံကိန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။ ပြီးစီးပါက တစ်နေ့ရေဂါလန် သန်းနှင့်ချီ၍ မြို့ပြကို တိုး၍ရေပေးဝေနိုင်တော့မည်။

ပွင့်လင်းရာသီရောက်လာသည်နှင့်အညီ သွားရေးလာရေး ခြောင်းသာမည်ဖြစ်သည်။ တစ်ဖက်မှာလည်း လွန်ကဲအပူဒဏ်ကို မြို့ပြနေပြည်သူများ တိုက်ရိုက်ခံစားရနိုင်သည်။ မီးဘေးအန္တရာယ်ကို ပိုမိုဂရုပြုရလိမ့်မည်။ မြို့ပြ၏ နေရာတချို့မှာ သောက်သုံးရေအတွက် အလေးထား ဖော်ဆောင်ကြရတော့မည်။ မည်သို့ဆိုစေ ပွင့်လင်းရာသီကို မိမိတို့အစဉ် သတိဖြင့်ဖြတ်သန်းကြရင်း အသိတရားရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုကောင်းမွန်သောလူမှုဘဝများကို ရရှိနိုင်မည်ဖြစ်ပါသည်။ ။

## ရင်းနှီးမြှုပ်နှံမှုအပြန်အလှန်တိုးမြှင့်ခြင်းနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆို

**ရန်ကုန် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အစ္စရေးနိုင်ငံအစိုးရတို့ကြား ရင်းနှီးမြှုပ်နှံမှုအပြန်အလှန်တိုးမြှင့်ခြင်းနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုသည့်အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်တိုးမြှင့်ခြင်းနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E.Hegay Moshe Behar တို့က အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်ချုပ်ဆိုခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်အားလက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေ၍ အပြန်အလှန်ယုံကြည်မှုကိုတည်ဆောက်နိုင်မည်ဖြစ်ကာ နိုင်ငံသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အစ္စရေးနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်တိုးမြှင့်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပထမဆုံးအကြိမ် ချုပ်ဆိုခြင်းဖြစ်ပြီး အလားတူ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်ကို နိုင်ငံပေါင်း ၁၀ နိုင်ငံနှင့်လည်း ချုပ်ဆိုနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**



## တောင်ငူမြို့နယ် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**တောင်ငူ အောက်တိုဘာ ၆**

တောင်ငူမြို့နယ် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများသည် တစ်နေ့တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်သွားကြမည့် လူငယ်များဖြစ်သည့်အတွက် ဆုံးဖြတ်ချက်မှန်ကန်ပြီး မိမိနှင့်ထိုက်တန်သည့် ဘာသာရပ်များကို သင်ကြားတတ်မြောက်ကြရန် လိုအပ်ကြောင်း၊ မိမိရည်မှန်းချက်ရောက်ရှိရေးအတွက် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို လာမည့်မျိုးဆက်သစ်များထံ လွှဲပြောင်းပေးရမည်ဖြစ်သည့်အတွက် ယနေ့ ကျောင်းသား ကျောင်းသူများအနေဖြင့် တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးကို ထမ်းဆောင်နိုင်မည့် သားကောင်းသမီးကောင်းများ ဖြစ်ကြစေလိုကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖဦးမြင့်ညိုနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဆင်းရဲနွမ်းပါးသော ကျောင်းများအတွက် ဗလာစာအုပ် ၄၆၀ ကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာတို့က ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ အခမ်းအနားတွင် တောင်ငူမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းများမှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၂ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၃၇ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၂၉ ဦးရှိကြောင်း သတင်းရရှိသည်။

**(ခရိုင် ပြန်/ဆက်)**

## အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့ ညီလာခံကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၁)ကြိမ်မြောက် ညီလာခံကို အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် နံနက် ၈ နာရီခွဲ မှ ညနေ ၅ နာရီထိ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အကြောအဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီးများ၊ ပြည်ပမှ အထူးကု ဆရာဝန်ကြီးများနှင့် အကြောအဆစ် ကျွမ်းကျင်ပညာရှင်များက ဟောပြောဆွေးနွေးကြမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ သူနာပြုများ၊ အကြော၊ ခြေတုလက်တုကျွမ်းကျင်ပညာရှင်များ တက်ရောက်နိုင်သည်။

တက်ရောက်လိုပါက အောက်တိုဘာ ၇၊ ၈၊ ၉ ရက်တို့တွင် ရန်ကုန်ဆေးရုံကြီး အကြောအဆစ် အထူးကုဌာန၌ အောက်တိုဘာ ၁၆ ရက် နံနက် ၈ နာရီမှ ၈ နာရီခွဲအတွင်း ပန်ဒါဟိုတယ်၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ထွက်ခွာ



**နေပြည်တော်     အောက်တိုဘာ     ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဇော်ဝင်း၊ ဒေါက်တာစိုင်းကျော်အုန်း၊ ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဦးဇင်ယော်၊ ဒေါက်တာဇော်မင်းအောင်နှင့် တရုတ်သံရုံးမှသံမှူး မစ္စလီရှောင်ရန့်တို့က လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**

**☆ ဒုတိယသမ္မတမှ**

လိယွမ် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် နန်နင်းမြို့ရှိ ကွမ်ရှီး Higreen လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်စီးဆင်းမှုစင်တာသို့ ရောက်ရှိပြီး အရည်အသွေးစစ်ဆေးရေးဌာနအတွင်း သစ်သီးဝလံများအား အရည်အသွေးစစ်ဆေးနေမှုနှင့် သစ်သီးဝလံလက်ကားဈေးအတွင်း ရောင်းဝယ်နေမှုကို ထိန်းချုပ်ခန်း CCTV မှ ကြည့်ရှုပြီး အထွေထွေမန်နေဂျာ မစ္စစ်လင်းကျင့်က လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိလိုသည်များကို မေးမြန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သစ်သီးဝလံလက်ကားဈေးအတွင်း ရောင်းဝယ်နေမှုကို လိုက်လံကြည့်ရှုပြီး Higreen လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်စီးဆင်းမှုစင်တာမှ အထွေထွေမန်နေဂျာ မစ္စစ်လင်းကျင့်အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

အဆိုပါစင်တာတွင် ကုန်စည်သိုလှောင်ရန် ဂိုဒေါင်၊ ရောင်းဝယ်ရေးလက်ကားဈေး၊ စီးပွားရေးဝန်ဆောင်မှု၊ တည်းခိုရေးဆောင်များ ပါဝင်ပြီး သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ စားသုံးဆီ၊ ဆန်၊ သကြား၊ ပန်းပင်၊ ပိုးထည်နှင့် အစားအသောက်ပစ္စည်းများ ရောင်းဝယ်ရေး၊ အချောထည်ထုပ်ပိုးရေး၊ ပို့ဆောင်ရေးတို့ကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စင်တာဝင်းအတွင်း သစ်သီးဝလံအရောင်းဆိုင် ၃၂၀၊ ဒေသန္တရသစ်သီးဝလံ အရောင်းနေရာ ၃၀၀၀ ကျော်ရှိပြီး အကျယ်အဝန်းမှာ စတုရန်းမီတာ ခြောက်သိန်းရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Ma Biao နှင့် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံ အဆင့်ဆက်ဆံမှုကို ယခုထက်ပိုမို တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍတို့ပူးပေါင်းဆောင်ရွက်သွားရေး စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr.Ma Biao က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သစ်သီးဝလံလက်ကားဈေးအတွင်း ရောင်းဝယ်နေမှုကို လိုက်လံကြည့်ရှုစဉ်။ (သတင်းစဉ်)

## ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပုသိမ်   အောက်တိုဘာ   ၆**

၂၀၁၄ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ အထက(ခွဲ) အလက(၁) ပညာ့မဉ္ဇူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာကျောင်းမှ ဆရာ ဆရာမများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ခေါင်းဆောင်များကပေးပို့သော ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးက ဖတ်ကြား၍ အခြေခံပညာကျောင်းမှ ဆရာ ဆရာမများက ဆရာကန်တော့ပွဲတေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုပြီး လူမှုရေးဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**











အဲလ်ဗတ်မိုဆာ၊ ဂျွန်အိုကီဖ်နှင့် မေဘရတ်မိုဆာ။

# ဦးနှောက်၏ ဂျီပီအက်စ်တွေ့ရှိသူ သုံးဦး ဆေးပညာနှင့် စိတ်ပညာဆိုင်ရာ နိုဘယ်လ်ဆုချီးမြှင့်ခံရ

**အော်စလို အောက်တိုဘာ ၆**

နိုဘယ်လ်ဆုချီးမြှင့်ရေးအဖွဲ့မှ နှစ်စဉ်ချီးမြှင့်ပေးသော စိတ်ပညာနှင့်ဆေးပညာနိုဘယ်လ်ဆုကို ဦးနှောက်အတွင်းရှိ ပတ်ဝန်းကျင်နှင့်တည်နေရာ သတ်မှတ်နိုင်သော စနစ်တစ်ခု၏ အလုပ်လုပ်ပုံကို ရှာဖွေတွေ့ရှိခဲ့သည့် သိပ္ပံပညာရှင်သုံးဦးအား ပူးတွဲချီးမြှင့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယင်းနိုဘယ်လ်ဆုရှင်များမှာ လန်ဒန်တက္ကသိုလ်ကောလိပ်မှ ဂျွန်အိုကီဖ်၊ နော်ဝေနိုင်ငံ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ မေဘရတ်မိုဆာနှင့် အဲလ်ဗတ်မိုဆာတို့ဖြစ်ကြသည်။

မိမိတို့ ရောက်ရှိနေသော တည်နေရာပတ်ဝန်းကျင်နှင့် တစ်နေရာမှတစ်နေရာသို့ ဘယ်လိုသွားရသလဲဆိုသည်ကိုသိရှိရန် ဦးနှောက်၏ အလုပ်လုပ်ပုံကိုသိရှိခဲ့ခြင်းကြောင့် နိုဘယ်လ်ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

ထိုတွေ့ရှိချက်များသည် အယ်ဇိုင်းမားရောဂါ ဝေဒနာခံစားရသူများအား ၎င်းတို့ ရောက်ရှိနေသော ပတ်ဝန်းကျင်ကိုမှတ်မိစေရန် အထောက်အကူပြုနိုင်သည်။

"ယခုတွေ့ရှိချက်များက သိပ္ပံပညာရှင်တွေ နှစ်ပေါင်းများစွာ မဖြေရှင်းနိုင်တဲ့ပြဿနာကို ဖြေရှင်းလိုက်နိုင်ပြီ"ဟု နိုဘယ်လ်ဆုချီးမြှင့်ရေးအဖွဲ့က ပြောကြားခဲ့သည်။ **ဘီဘီစီ။**

# ကက်ရှမီးယားတွင် အိန္ဒိယနှင့် ပါကစ္စတန် အပြန်အလှန်ပစ်ခတ်၊ အရပ်သားလေးဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၆**

အိန္ဒိယနိုင်ငံက အုပ်ချုပ်သည့် ကက်ရှမီးယားဒေသရှိ နယ်စပ်စစ်စခန်းများကို ပါကစ္စတန်တပ်ဖွဲ့က ပစ်ခတ်သဖြင့် အရပ်သားလေးဦး သေဆုံး၍ လူ ၃၀ ဒဏ်ရာရရှိကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ဒဏ်ရာရရှိသူများတွင် ကလေးများနှင့် အမျိုးသမီးများ ပါဝင်သည်ဟုဆိုသည်။ အဆိုပါသတင်းကို ပါကစ္စတန်နိုင်ငံမှ ယခုအချိန်ထိ တုံ့ပြန်မှုမရှိသေးပေ။

လွန်ခဲ့သည့် ရက်သတ္တပတ် နောက်ဆုံးနေ့များတွင် အိန္ဒိယအုပ်ချုပ်သည့်ကက်ရှမီးယားဒေသမှ အာနီယာနယ်မြေအတွင်းရှိ နယ်စပ်စခန်း ၁၀ ခုနှင့် ကျေးရွာအချို့ကို ပါကစ္စတန်တပ်ဖွဲ့ဝင်များက သေနတ်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းသို့ ပစ်ခတ်မှုကြောင့် အရပ်သား လေးဦးသေဆုံးခဲ့ကြောင်း အိန္ဒိယနယ်စပ် လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောသည်။

အိန္ဒိယတပ်ဖွဲ့က တုံ့ပြန်ရာမှ တနင်္လာနေ့ နံနက်ပိုင်းတိုင်သည်အထိ အပြန်အလှန် ပစ်ခတ် ခဲ့ကြသည်ဟု ဆိုသည်။

သီးခြားသတင်းတွင် တနင်္ဂနွေနေ့က ပါကစ္စတန်နိုင်ငံ အုပ်ချုပ်သည့် ကက်ရှမီးယားဒေသမှ ဂျန်ရုနယ်မြေသို့ အိန္ဒိယတပ်ဖွဲ့က ရန်စ ပစ်ခတ်ခဲ့ကြောင်း ပါကစ္စတန်က ပြောသည်။

ပါကစ္စတန် စစ်ဘက်မှ ထုတ်ပြန်သော ကြေညာချက်တွင် ပါကစ္စတန်တပ်ဖွဲ့က ပြန်လည်တုံ့ပြန်ခြင်းသာဖြစ်သည်ဟု ဖော်ပြထားသည်။

၎င်းနှစ်နိုင်ငံသည် ကက်ရှမီးယားကိုပိုင်းခြားထားသည့် လက်ရှိနယ်နိမိတ်လိုင်း (အယ်လ်အိုစီ)တစ်လျှောက်တွင် အပစ်အခတ်ရပ်စဲရန် နှစ်နိုင်ငံသဘောတူခဲ့သည်မှာ ၁၀ နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ **ဘီဘီစီ။**

# ဂျပန်တောင်ပိုင်း၌ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ် တစ်ဦးသေဆုံး၊ လေတပ်သားနှစ်ဦး ပျောက်ဆုံး

**တိုကျို အောက်တိုဘာ ၆**

ဂျပန်နိုင်ငံတောင်ပိုင်းတွင် အောက်တိုဘာ ၅ ရက်က အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် တစ်ဦးထက်မနည်းသေဆုံးရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တိုင်ဖွန်းမုန်တိုင်းသည် မြို့တော် တိုကျိုသို့ ဦးတည်ကာ ဖြတ်သန်းသွားချိန်တွင် အမေရိကန်လေတပ်သားသုံးဦး ပင်လယ်လှိုင်း ရိုက်ပုတ်ခံရမှုကြောင့် ရေစီးဖြင့် မျောပါသွားခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။



တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တိုကျိုဘူတာကြီး၌ ကျည်ဆန်ရထားစီးမည့် ခရီးသည်များ သောင်တင်နေသည်ကို တွေ့ရစဉ်။

ပစိဖိတ်သမုဒ္ဒရာအတွင်း သီးခြားတိုင်ဖွန်းမုန်တိုင်းတစ်လုံးဖြစ်ပေါ်ခဲ့ပြီး အမေရိကန်ပိုင်ဂူအမ်ကျွန်းအပါအဝင် မာရီယာနာကျွန်းစုကို ဖြတ်သန်းတိုက်ခတ်ခဲ့သည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ရှိကိုကူး ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသ၌ အောက်တိုဘာ ၅ ရက် နှောင်းပိုင်းက တိုင်ဖွန်းမုန်တိုင်း ဖြတ်သန်းခဲ့ရာတွင် တစ်နာရီလျှင် ၁၄၄ ကီလိုမီတာ (မိုင် ၉၀) အထိ လေပြင်းတိုက်ခတ်ခဲ့သည်။

အိုကီနာဝါနှင့်ကျူရှူးဒေသများသည်မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသည်။ ပင်လယ်လှိုင်းလုံး ရိုက်ပုတ်မှုကြောင့် မျောပါသွားသော လေတပ်သား သုံးဦးအနက် တစ်ဦးကို သေဆုံးလျက်တွေ့ရှိရသည်။ လေတပ်သား နှစ်ဦးပျောက်ဆုံးနေကြောင်း ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။ အိုကီနာဝါကျွန်းသည် ဂျပန်တွင် ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀အနက် ထက်ဝက်ခန့် စခန်းချရာဒေသဖြစ်သည်။ **ပီတီအိုင်။**

## အင်ဒိုနီးရှားရှိ ရွှေတွင်းတွင်မြေပြို လုပ်သား ၁၈ ဦး သေဆုံး

ဂျကာတာ အောက်တိုဘာ ၆

အင်ဒိုနီးရှားနိုင်ငံ အနောက်ကာလီမင်တန် ပြည်နယ်ရှိ တရားမဝင်လုပ်ကိုင်နေသော ရွှေတွင်းတစ်ခု၌ မြေပြိုမှုဖြစ်ပွားရာ မိုင်းလုပ်သား ၁၈ ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ဘန်ကေရန် ခရိုင်၌ ယင်းဖြစ်ရပ် ဖြစ်ပွား ခဲ့သည်။ မြေပြိုမှုဖြစ်ပွားချိန်၌ ရွှေတွင်း၏ မြေအောက်လုပ်ငန်းခွင်၌ အလုပ်သမား ၁၈ ဦးရှိနေကြောင်း အင်ဒိုနီးရှား အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် ဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီမှ တာဝန်ရှိသူ အဘီမာက်ဖာ့ဒ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တရားမဝင် လုပ်ကိုင်နေသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများသည် ဘေးကင်းလုံခြုံရေးဆိုင်ရာ စံနှုန်းများကို လိုက်နာခြင်းမရှိဘဲ လုပ်ကိုင်နေကြသည့်အတွက် မတော်တဆဖြစ်ရပ်များ မကြာခဏဖြစ်ပေါ်ပြီး မိုင်းအလုပ်သမားများ သေဆုံးရခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ဆင်ဟွာ။

# မီယာမီမှ ဘာမြူဒါသို့ ပလတ်စတစ်ပူဖောင်းဖြင့်ဖြတ်သန်းသူ ကမ်းခြေစောင့်တပ်က ကယ်တင်ခဲ့ရ

**မီယာမီ အောက်တိုဘာ ၆**

အမေရိကန်ပြည်ထောင်စုမီယာမီကမ်းခြေမှ ဘာမြူဒါသို့ လေဖြည့်ပလတ်စတစ် ပူဖောင်းဖြင့်ဖြတ်ကူးရန် ကြိုးစားသူတစ်ဦးကို ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်ခဲ့ရသည်။

ကမ်းခြေစောင့်တပ်ဖွဲ့က ၎င်း၏ ခရီးစဉ်ကိုရပ်ဆိုင်းရန်ပြောကြားပြီးသည့်နောက် သုံးရက်အကြာ၊လွန်ခဲ့သည့် သီတင်းပတ်၏ နောက်ဆုံးရက်များတွင် ဖလောရီဒါမြောက်ဘက်ကမ်းလွန်၌ ၎င်းကိုကယ်တင်ခဲ့ရခြင်းဖြစ်သည်။

ပူဖောင်းအတွင်းမှ မစ္စတာရီဇာဘာလူချီက လမ်းပျောက်နေသဖြင့် ဘာမြူဒါသို့ ဦးတည်သော လမ်းကြောင်းညွှန်ပေးရန် မေတ္တာရပ်ခံသောသတင်းတစ်ခုကို အောက်တိုဘာ ၁ ရက်နေ့တွင် ကမ်းခြေစောင့်တပ်ဖွဲ့က လက်ခံရရှိခဲ့သည်။

မစ္စတာ ဘာလူချီထံသို့ မော်တော်ဘုတ်တစ်စင်းစေလွှတ်ခဲ့ပြီး အန္တရာယ်များသော ခရီးစဉ်ဖြစ်သည့်အပြင် အထောက်အပံ့ အလုံအလောက် မပါရှိသည့်အတွက် ၎င်း၏ခရီးကို ရပ်ဆိုင်းပေးပါရန် မေတ္တာရပ်ခံခဲ့သော်လည်း ၎င်းက ငြင်းဆိုခဲ့သည်။

အောက်တိုဘာ ၄ ရက်နေ့တွင်မူ ဘာလူချီသည် ခြေကုန်လက်ပန်းကျပြီဖြစ်၍ ကယ်ဆယ်ရေးအချက်ပြမီးကို ဖွင့်ခဲ့သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ ဖလော်ရီဒါစိန့်ဩဂတ်စတင်း၏ အရှေ့ဘက်ရေမိုင် ၇၀ ခန့်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များက ၎င်းကို ကယ်တင်ခဲ့ကြသည်။

မီယာမီမှ မိုင် ၃၀၀ ကျော်သို့ရောက်ရှိနေပြီ ဖြစ်သော်လည်း ၎င်းရည်မှန်းထားသော ပန်းတိုင်သို့ ရောက်ရှိရန်မှာ မဖြစ်နိုင်ဟု ဆိုသည်။

အဆိုပါ ခရီးစဉ်အတွက် ၎င်းတွင် ပရိုတိန်းတောင့်များ၊ ရေဘူးများ၊ ဂျီပီအက်(စ်)တစ်ခုနှင့် ဂြိုဟ်တုလက်ကိုင်ဖုန်းတစ်လုံးသာ ပါရှိသည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။ **ဘီဘီစီ။**



မီယာမီကမ်းခြေမှ ဘာမြူဒါသို့ လေဖြည့်ပလတ်စတစ်ပူဖောင်းဖြင့် ဖြတ်ကူးရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။



လွန်ခဲ့သည့်သီတင်းပတ်က ဆန္ဒပြမှု လူစုလူဝေး ဖြစ်ပေါ်ခဲ့သည့်နေရာ၌ ယခုအခါ ဆန္ဒပြသူများ လျော့နည်းသွားသည်ကို တွေ့ရစဉ်။

# ဟောင်ကောင်တွင် ဆန္ဒပြမှုများလျော့နည်းသွား အစိုးရရုံးများသို့ ဝန်ထမ်းများ ဝင်ထွက်ခွင့်ရ

**ဟောင်ကောင် အောက်တိုဘာ ၆**

ဟောင်ကောင်တွင် ဒီမိုကရေစီအရေးလှုပ်ရှားဆန္ဒပြမှုများကို အစိုးရက မသိကျိုးကျွန်ပြုကာ မျက်ကွယ်ပြုထားသည့်တိုင် ဆန္ဒပြမှုများဆက်လက်ဖြစ်ပွားလျက်ရှိသည်။ သို့သော် လွန်ခဲ့သည့် သီတင်းပတ်ကတည်းက ဆန္ဒပြသူများက ဝိုင်းရံပိတ်ဆို့ထားသည့် အစိုးရအဆောက်အအုံရုံးဌာနများသို့ အစိုးရဝန်ထမ်းများကို ဝင်ထွက်ခွင့်ပေးခဲ့သည်ဟု သိရသည်။

အောက်တိုဘာ ၆ ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ဆန္ဒပြသူများကို ရဲတပ်ဖွဲ့ဝင်များက မည်သည့်ပိတ်ဆို့ဟန့်တားမှုမျှမပြုလုပ်ခဲ့သလို ဆန္ဒပြသူများဘက်ကလည်း ဆန္ဒပြသူ အရေအတွက် လျော့နည်းသွားသည့်တိုင် ငြိမ်းချမ်းစွာပင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကျောင်းသားများအများစုပါသည့် ဆန္ဒပြသူများက လွန်ခဲ့သည့် သီတင်းပတ်ကတည်းက ဟောင်ကောင်ရှိ အချက်အချာကျသည့် မြို့နယ်များရှိ အဓိကလမ်းမကြီးများကို ပိတ်ဆို့ထားခဲ့ပြီး ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွေးကောက်ပွဲကိုမည်သို့မည်ပုံကျင်းပသွားမည်နှင့် ပတ်သက်၍ တရုတ်အစိုးရကို အကဲစမ်းလျက်ရှိသည်။

ဟောင်ကောင် အုပ်ချုပ်ရေးမှူး စီဝိုင်လျန်က ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ဆန္ဒပြသူများ ပိတ်ဆို့ဝိုင်းရံထားသည့် အစိုးရအဆောက်အအုံများကို ဝန်ထမ်းများ ပြန်လည် ရုံးတက်နိုင်ရန်အတွက် လူစုခွဲပေးရန် ဆန္ဒပြသူများကို တနင်္လာနေ့က တောင်းဆိုခဲ့သည်။ ဆန္ဒပြသူများက လျှန်ရုံးနှင့်ကပ်လျက်ရှိသည့် အဓိကလမ်းမကြီးတစ်ခုကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သော်လည်း ကျောင်းသားတစ်ရာခန့်မှာ ဆက်လက်ဆန္ဒပြလျက်ရှိသည်။

ဟောင်ကောင် ကျောင်းသားများသမဂ္ဂက ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခကို ဖြေရှင်းညှိနှိုင်းရန် ဟောင်ကောင် ဒုတိယအုပ်ချုပ်ရေးမှူး အတွင်းရေးမှူးချုပ် ကာရီလမ်နှင့် တွေ့ဆုံနိုင်ရေးအတွက် အစိုးရကိုယ်စားလှယ်သုံးဦးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် ပြောကြားသည်။ ကျောင်းသားများသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူး လီစတာရှန်က နှစ်ဖက်တွေ့ဆုံဆွေးနွေးမှုတွင် သဘောတူညီမှုမရခဲ့သော်လည်း အပြန်အလှန်လေးလေးစားစားနားလည်မှုရှိရှိ နှစ်ဖက်တိုက်ရိုက် ဆက်လက်တွေ့ဆုံဆွေးနွေးသွားရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြောင်း သတင်းထောက်များကို ပြောကြားသည်။

ဟောင်ကောင် ဆန္ဒပြမှုနှင့် ပတ်သက်၍ ဆန္ဒဖော်ထုတ်သူများသည် ဆန္ဒပြမှုအပေါ် အလေးထားမှုနည်းကြောင်းနှင့် အနောက်တိုင်းမီဒီယာများက ဟောင်ကောင်အကျပ်အတည်းအပေါ် တစ်ဖက်စောင်းနင်းရေးသားဖော်ပြနေကြကြောင်း ပြည်ပနိုင်ငံရေးကျွမ်းကျင်သူများက ပြောကြားကြသည်။

ယခုဖြစ်ပွားနေသော ဟောင်ကောင်ဆန္ဒပြမှုသည် မည်သည့်အပြောင်းအလဲကိုမျှ ဖော်ဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ၏ ကိုယ်ရေးအရာရှိ ချားစ်ပိုဝဲလ်က ပြောကြားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

**(စီအင်န်အင်န်)**

# စွယ်တော်မြတ်စေတီ(ရန်ကုန်) အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကကုန်းတော်မြတ်၌ တည်ထားကိုးကွယ်သော ဝရဒါဌာဓာတု စေတီယစွယ်တော်မြတ်စေတီ(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့ ပူဇော်ပွဲအခမ်းအနားကို ၁၃၇၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၈ ရက် ဗုဒ္ဓဟူးနေ့)တွင် စေတီတော် ဂန္ဓကုဋိတိုက်၌ ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၈ နာရီတွင် မာဃဓီသာစည် ဆရာတော်၏တပည့်များက အဘိဓမ္မာအခါတော်နေ့အကြောင်း ရွတ်ဆိုဟောပြောပူဇော်ခြင်း၊ နံနက် ၉ နာရီခွဲတွင် စေတီတော်ဩဝါဒါစရိယ ကန်ဦးဇေတဝန်ကျောင်း ဆရာတော်ကြီးထံမှ ရှစ်ပါးသီလနှင့် ရေစက်ချတရားနာယူခြင်း၊ မွန်းလွဲပိုင်းမှ ညနေ ၅ နာရီအထိ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ ဓမ္မဒေသနာတော်များကို ရွတ်ဆိုပူဇော်ကြမည်ဖြစ်သည်။

ညနေ ၆ နာရီတွင် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်အရပ်ဟံရင်ပြင်၌ စွယ်တော်မြတ်စေတီတော် သာသနာ့ဝေယျာဝစ္စအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း အခမ်းအနားများကို ဘာသာရေးအစဉ်အလာများအတိုင်း ကျင်းပမည်ဖြစ်ရာ ရဟန်းရှင်လူ ပြည်သူများကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

# ချမ်းမြသာစည်မြို့နယ် ဇရာထွန်းရပ်ကွက်ရှိ ဆင်းရဲနွမ်းပါးသူများအား စေတနာရှင်များက ထမင်း၊ ဟင်းနှင့် မုန့်များလှူဒါန်း

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဓမ္မဇရဝါဆိုကျောင်းတိုက်ဆရာတော်ဓမ္မဇရ ဒေါက်တာအရှင်ကုမာရ ဦးစီးတည်ထောင်ထားသော ဇရာမေတ္တာလူမှုကူညီရေးအသင်းမှ ကြီးမှူး၍ချမ်းမြသာစည်မြို့နယ် ဇရာထွန်းရပ်ကွက်နှင့် ဇရာဝတီမြစ်ကမ်းဘေး ရွှေ့ပြောင်းနေထိုင်လျက်ရှိသော သဲလုပ်သား၊ ဇရာဝတီဆိပ်ကမ်းကုန်တင်၊ ကုန်ချလုပ်သား မိသားစုများ၊ ဆင်းရဲနွမ်းပါးသူကလေးငယ်များနှင့် မိသားစုများအား ဇရာမေတ္တာလူမှုရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စေတနာရှင်များက အောက်တိုဘာ ၅ ရက်တွင် ထမင်း၊ ဟင်းနှင့်မုန့်မျိုးစုံတို့ကိုလှူဒါန်းကြသည်။ **(ဓါတ်ပုံ)**ဆင်းရဲနွမ်းပါးမိသားစုများအား ထမင်း၊ ဟင်းနှင့် အဝတ်အထည်၊ လူအသုံးအဆောင်ပစ္စည်းများလှူဒါန်းလိုပါက ဇရာမေတ္တာလူမှုကူညီရေးအသင်း အဆောင် (၇)နှင့်(၈)ကြား ကမ်းနားလမ်း ဇရာထွန်းတိုက်တန်း ကန်တော်ကြီး အနောက်ခြမ်း သံလျက်မော်တောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ် ဖုန်း-၀၉-၄၄၄၀၁၆၆၈၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။



**သီဟကိုကို(မန္တလေး)**

● **ကျောဖုံးမှ**

ဆိုင်းဘုတ်များကိုကိုင်ဆောင်၍ လည်းကောင်း၊ 100 Plus အချိုရည်များတိုက်ကျွေး၍လည်းကောင်း ကြိုဆိုခဲ့ကြပြီး အောင်ပွဲရ ပိုက်ကျော်ခြင်းအသင်းနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး 100 Plus အချိုရည်မှ တာဝန်ရှိသူများက အောင်ပွဲရပိုက်ကျော်ခြင်းအသင်းအား တစ်နှစ်စာအချိုရည်များကို ပံ့ပိုးကူညီပေးမည်ဖြစ်ရာ ရွှေတံဆိပ်ဆုရှင် အားကစားသမားများက လက်ခံရယူသည်။

အဆိုပါ ASIAN Games အားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၅၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၀ မျိုးဖြင့်ယှဉ်ပြိုင်ပြီး ပိုက်ကျော်ခြင်းအားကစားနည်းတစ်မျိုးတည်းက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခုဖြင့် နိုင်ငံအလိုက် အဆင့်(၂၀)ရရှိခဲ့သည်။

**(အား/ကာ)**

■









# ဆေးပညာ သတင်းဆန်းများ (၅၅)

## ဒေါက်တာကံညွန့်

ယခုစတင်ဖော်ပြလိုတဲ့သတင်းကတော့ မသန့်ရှင်းတဲ့ လေထုကို ရှူလိုက်ရတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေဟာ သွေးတိုးရောဂါဖြစ်ပြီး ကလေးကိုလည်း ထိခိုက်စေနိုင်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Florida တက္ကသိုလ်က ဆေးပညာရှင်တွေက ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ Florida ပြည်နယ် Jacksonville ခရိုင်က ကိုယ်ဝန်ဆောင်မိခင် ၂၂၀၀၀ ကျော်ကို ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ရှူရှိုက်ရတဲ့ လေထုထဲမှာ စက်ရုံ၊ အလုပ်ရုံ၊ တောမီးလောင်ကျွမ်းမှု၊ မီးရထား၊ ကား၊ စီးကရက်စတဲ့ ပစ္စည်းတွေကထွက်တဲ့ အခိုးအငွေ့တွေကို ရှူရှိုက်နေရခြင်းဟာ သန္ဓေသားကို အထူးထိခိုက်စေတယ်လို့ဆိုပါတယ်။ ဒီအခိုးအငွေ့ထဲမှာပါဝင်တဲ့ ကာဗွန်မိုနောဲဆိုက်ဓာတ်နဲ့ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်တွေဟာ ကိုယ်ဝန်ဆောင်မိခင်တွေအတွက် အဆိပ်အတောက်တစ်ခုသဖွယ် အန္တရာယ်ဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒီဓာတ်ငွေ့တွေကြောင့် ကိုယ်ဝန်ဆောင်ချိန်မှာ သွေးတိုးရောဂါဖြစ်စေပြီး လမစေ့ဘဲ မွေးဖွားခြင်း၊ ပေါင်ချိန်မမီတဲ့ကလေးတွေ မွေးဖွားခြင်း၊ မွေးဖွားပြီး သွေးလွန်ခြင်းတို့ကို ဖြစ်စေတယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံက US Environmental Protection Agency (EPA) အဖွဲ့ကြီးကလည်း ပတ်ဝန်းကျင်မသန့်ရှင်းမှုဟာ ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ မွေးဖွားလာမယ့် ကလေးရဲ့ ကျန်းမာရေးကို အထူးထိခိုက်စေတယ်ဆိုတာ သတိပေးထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ရင်သားကင်ဆာရောဂါရှင်တွေအတွက် ဝမ်းသာစရာသတင်းပါ။ ရင်သားကင်ဆာကုသရာမှာ ထိရောက်တဲ့ ဆေးတစ်ခုကို ဖော်ထုတ်နိုင်ပြီဆိုတဲ့ သတင်းပါ။ ဒီဆေးကတော့ Palbociclib ခေါ်တဲ့ သောက်ဆေးဖြစ်ပြီး ဒီဆေးကို နာမည်ကြီး Pfizer ကုမ္ပဏီက ထုတ်လုပ်လိုက်တာဖြစ်ပါတယ်။ ဒီဆေးဟာ ရင်သားကင်ဆာဝေဒနာရှင်တွေကို အသက်ရှင်နှုန်း ပိုမြင့်မားစေတယ်လို့ ဆိုပါတယ်။ ဒီရင်သားကင်ဆာရောဂါဟာ WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ စာရင်းအရ ၂၀၁၁ ခုနှစ်မှာ ကမ္ဘာပေါ်က အမျိုးသမီးပေါင်း ၅၈၀၀၀ ကျော်ကို အသက်ဆုံးရှုံးစေတယ်လို့ ဖော်ပြထားပါတယ်။ US Food and Drug Administration အဖွဲ့ကြီးကတော့ ဒီဆေးပေါ်လာတာကို အထူးကြိုဆိုလိုက်ပြီး အမျိုးသမီးတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ ရောဂါဆိုးကြီးတစ်ခုကို တိုက်ဖျက်နိုင်တဲ့ တိုးတက်မှုကြီးတစ်ခုပဲလို့ ထောက်ပြထားပါတယ်။ ဒီဆေးကို စမ်းသပ်ခဲ့စဉ်က စမ်းသပ်နည်း Paloma 1, 2, 3 ဆိုပြီး စမ်းသပ်ခဲ့ရာမှာ Paloma 1 ကတော့ ရာသီသွေးဆုံးပြီးတဲ့ အမျိုးသမီးတွေမှာ ဒီဆေးအသစ်နဲ့တွဲပြီး ဟော်မုန်းအစားထိုးကုသမှုအဖြစ် Letrozole ခေါ်တဲ့ ဆေးနဲ့တွဲပြီး အသုံးပြုခဲ့တာဖြစ်ပါတယ်။ Paloma 2 နဲ့ 3 ကိုတော့ ကင်ဆာရောဂါတွေမှာ ဟော်မုန်းအစားထိုးကုသဆေး နှစ်မျိုးဖြစ်တဲ့ Letrozole နဲ့ Fulvestrant ဆိုတဲ့ ဆေးနှစ်မျိုးကို တစ်ခုစီတွဲပြီး စမ်းသပ်အသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒီ Palbociclib ဆေးရဲ့အဓိကအာနိသင်က ကင်ဆာအလုံးကြီးကို ကြီးထွားစေတဲ့ CDK Ezyme နှစ်မျိုးကို Block လုပ်နိုင်တဲ့ အာနိသင်ရှိတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အမေရိကန်က ဆယ်ကျော်သက်အရွယ် မိန်းကလေးတချို့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ မှားယွင်းတဲ့ အယူအဆတစ်ခုကိုလည်း တင်ပြချင်ပါတယ်။ သူတို့ကတော့ HPV ခေါ်တဲ့ Human Papilloma Virus Vaccine သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးထားတဲ့ မိန်းကလေးတွေပါ။ သူတို့ဟာ ဒီဆေးထိုးထားရင် တခြား Sex နဲ့ ပတ်သက်တဲ့ရောဂါကိုလည်း ခုခံနိုင်တယ်ဆိုတဲ့ ယူဆချက်နဲ့ ယောကျ်ားများများနဲ့ ဆက်ဆံခြင်း၊ Condom အသုံးမပြုဘဲ လိင်ဆက်ဆံခြင်းတို့ပြုလုပ်တတ်ကြပါတယ်။ ဒါဟာ သူတို့ရဲ့အမှားပဲလို့ ထောက်ပြထားပြီး ဒီလိုဆက်ဆံခြင်းဟာ Sexually Transmitted Infection(STI) ခေါ်တဲ့ ကာမဆက်ဆံခြင်းကြောင့် ဖြစ်တတ်တဲ့ရောဂါတွေကို ပိုမိုခံစားရစေနိုင်တယ်လို့ ထောက်ပြထားပါတယ်။ ဒီအကြောင်းကိုတော့ US Center for Diseases Control and Prevention ဌာနကြီးက ထုတ်ပြန်လိုက်တာပါ။ အမှန်မှာတော့ HPV ဆိုတဲ့ Vaccine ဟာ သားအိမ်ခေါင်းကင်ဆာ (Cervical Cancer) ရောဂါမဖြစ်အောင် ကာကွယ်ဖို့သာဖြစ်ပြီး တခြားဘာရောဂါကိုမှ မကာကွယ်နိုင်ဘူးဆိုတာကို ဆယ်ကျော်သက်တွေကို အသိပေးဖို့လိုတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံက နိုင်ငံရေးပါတီကြီးတစ်ခုဖြစ်တဲ့ Republican ပါတီမှာလည်း အချေအတင်ဆွေးနွေးခဲ့ရကြောင်း တင်ပြလိုက်ရပါတယ်။

**လမ်းလျှောက်ခြင်းနဲ့ ကိုယ်လက်လှုပ်ရှားမှုရှိခြင်းဟာ နှလုံးရောဂါ၊ လေဖြတ်ရောဂါ (Stroke)၊ ရင်သားကင်ဆာ၊ မှတ်ဉာဏ်စွမ်းရည်လျော့ပါးမှုရောဂါ၊ အရိုးပွရောဂါ (Oesteoporosis)၊ ဆီးချိုရောဂါနဲ့ စိတ်ကျရောဂါ(Depression)၊ စိုးရိမ်သောကရောက်မှု (Anxiety) ရောဂါတို့ကိုပါ ကာကွယ်နိုင်စွမ်းရှိ။**

သိပ္ပံပညာမှာ Sensor ဆိုတာ အာရုံခံသိနိုင်စွမ်းရှိတာကိုခေါ်တာပါ။ ကွန်ပျူတာတွေ၊ သိပ္ပံပစ္စည်းတွေ၊ မော်တော်ကားတွေ၊ စစ်လက်နက်ပစ္စည်းတွေမှာ အသုံးပြုခဲ့ကြတာပါ။ ယခုတော့ ဆေးပညာလောကမှာလည်း Sensor ခေါ် အာရုံခံစမ်းသပ်နိုင်မယ့်အရာတစ်ခု ဖော်ထုတ်ဖို့လုပ်နေကြပါပြီ။ လူတစ်ယောက်မှာ ရောဂါတစ်ခု ရှိ၊ မရှိ သူရဲ့ကိုယ်က ထွက်လာတဲ့ ချွေးနံ့ကို အာရုံခံနိုင်စွမ်းရှိတဲ့ Sensor ကိုဖော်ထုတ်နိုင်တော့မယ်လို့ ဆိုပါတယ်။ ကနဦးစမ်းသပ်မှုအရ ရောဂါတစ်ခုခုကို ဖြစ်စေတဲ့ Bacteria Toxin ကို ရောဂါဖြစ်စေလောက်အောင်မဟုတ်ဘဲ ကိုယ်ခံစွမ်းအားကို နှိုးဆွရုံပြုလုပ်ထားပြီး လူတစ်စုကို ထိုးပေးလိုက်ပြီး နောက်လူတစ်စုကိုတော့ ဆားရေသက်သက်ကိုသာ ထိုးပေးလိုက်ပါတယ်။ အဲဒီအုပ်စုနှစ်ခုကို ရောထွေးလိုက်ပြီး T Shirt တစ်မျိုးထဲကို ဝတ်ဆင်ခိုင်းထားလိုက်တဲ့အခါ Bacteria Toxin တွေ ထိုးထားတဲ့ အုပ်စုကလူတွေဝတ်ဆင်ထားတဲ့ T Shirt တွေမှာ အနံ့တစ်မျိုးရှိနေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ ဒါဟာ ရောဂါတစ်ခုခုရှိ၊ မရှိကို Sensor နဲ့စမ်းသပ်နိုင်ဖို့ လမ်းစပဲလို့ ဆိုပါတယ်။ ဒီလို Sensor မျိုးကို တီထွင်နိုင်ရင် လေယာဉ်ကွင်း၊ နယ်စပ်ဂိတ်ပေါက်တွေမှာ ရောဂါပိုးသယ်ဆောင်သူ ဟုတ်၊ မဟုတ်ကို အလွယ်တကူစမ်းသပ်နိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

လမ်းလျှောက်ခြင်းနဲ့ ကိုယ်လက်လှုပ်ရှားမှုရှိခြင်းဟာ ကျန်းမာရေးမှာ အထူးအထောက်အကူပြုတယ်ဆိုတာ သိကြပြီးဖြစ်ပါတယ်။ ယခုထပ်မံတွေ့ရှိချက်အရ နှလုံးရောဂါ၊ လေဖြတ်ရောဂါ (Stroke)၊ ရင်သားကင်ဆာ၊ မှတ်ဉာဏ်စွမ်းရည်လျော့ပါးမှုရောဂါ၊ အရိုးပွရောဂါ (Oesteoporosis)၊ ဆီးချိုရောဂါနဲ့ စိတ်ကျရောဂါ (Depression)၊ စိုးရိမ်သောကရောက်မှု (Anxiety) ရောဂါတို့ကိုပါ ကာကွယ်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ အနည်းဆုံးတစ်ပတ်မှာ မိနစ် ၃၀ သို့မဟုတ် ၄၀ စီ သုံးကြိမ်ထက်မနည်း လမ်းလျှောက်၊ ကိုယ်လက်လှုပ်ရှားမှုရှိသူတွေဟာ သွေးတိုးရောဂါနဲ့ နှလုံးရောဂါတွေကို သိသိသာသာကာကွယ်နိုင်ပြီး စပိန်နိုင်ငံက လေ့လာချက်တစ်ခုမှာတော့ Stroke ခေါ် လေဖြတ်ရောဂါကို ၄၃ ရာခိုင်နှုန်းကာကွယ်နိုင်တယ်လို့ ဆိုပါတယ်။ အမျိုးသမီးတွေမှာ သွေးဆုံးပြီး ရင်သားကင်ဆာဖြစ်မှုကို ၁၄ ရာခိုင်နှုန်း လျှော့ချနိုင်တယ်လို့လည်းဆိုထားပါတယ်။ Dutch သုတေသီတွေကတော့ အသက် (၅၅)နှစ်ကျော်လာရင် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းဟာ သတိမေ့လျော့ခြင်းကို လုံးဝကာကွယ်နိုင်တယ်လို့ဆိုပါတယ်။ အရိုးပါရဂူတွေကလည်း တစ်နေ့မှာ ၄၅ မိနစ်လောက် အပြင်ထွက်လမ်းလျှောက်ခြင်းဟာ ကိုယ်ခန္ဓာအရိုးတွေကို ပိုခိုင်မာစေပြီး နေရောင်ကရတဲ့ ဗီတာမင်ဒီဓာတ်ကြောင့် အရိုးတွေကို ပိုမိုသန်စွမ်းစေတယ်လို့ ဆိုပါတယ်။ လန်ဒန် Imperial University College က သုတေသီတွေကတော့ လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခြင်းဟာ ဆီးချိုရောဂါမဖြစ်အောင် ၄၀ ရာခိုင်နှုန်းခန့် ဟန့်တားနိုင်တယ်လို့ ဆိုပါတယ်။ သုတေသီအများစုက လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းဟာ အလုပ်များသူတွေမှာ ဖြစ်တတ်တဲ့ စိတ်ဖိစီးမှု (Stress)၊ စိတ်ဓာတ်ကျမှု (Depression) နဲ့ စိုးရိမ်သောကရောက်မှု (Anxiety) တို့ကိုလည်း အထူးသက်သာစေတယ်လို့ တင်ပြလိုက်ရပါတယ်။

ကမ္ဘာမှာ အိန္ဒိယနိုင်ငံဟာ AIDS ရောဂါသည် တတိယအများဆုံးနိုင်ငံပါ။ အရွယ်ရောက်ပြီးသူ ၁၀ ယောက်မှာ လေးယောက်ဟာ HIV ပိုးရှိနေကြသူတွေဖြစ်တယ်လို့ UNAIDS Programme ကမ္ဘာ့ကုလသမဂ္ဂအေအိုင်ဒီအက်စ်ရောဂါစီမံကိန်းက ထောက်ပြထားပါတယ်။ အခုတော့ အိန္ဒိယနိုင်ငံက ဒီရောဂါဝေဒနာရှင်တွေဟာ ဆေးအလုံအလောက်မရရှိနိုင်တော့တဲ့ ဒုက္ခနဲ့ ရင်ဆိုင်နေရပြီလို့ ဆိုပါတယ်။ အိန္ဒိယနိုင်ငံမှာ အစိုးရက ဖွဲ့စည်းပေးထားတဲ့ National AIDS Control Organisation (NACO) ခေါ်တဲ့အဖွဲ့ကြီးက ဆေးဝါးတွေကို ဆေးကုမ္ပဏီကြီးတွေက တင်ဒါစနစ်နဲ့ဝယ်ယူပြီး ဝေဒနာရှင်တွေကို အခမဲ့ဖြန့်ပေးနေတာပါ။ ဒါပေမယ့် အခုအခါမှာတော့ အစိုးရက ဒီဆေးကုမ္ပဏီတွေကို ကျသင့်ငွေတွေကို အချိန်မီမပေးနိုင်ခဲ့တာကြောင့် ကုမ္ပဏီက ဆေးတွေကို ဝယ်မရနိုင်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို အိန္ဒိယနိုင်ငံထဲမှာ ဆေးကုသမှုလုပ်ငန်းတွေကို အခမဲ့ကူညီဆောင်ရွက်ပေးနေတဲ့ Medicins Sams Frontieer (MSF) အဖွဲ့ကြီးရဲ့ တက်ကြွလှုပ်ရှားနေသူတွေက ထောက်ပြထားပါတယ်။ ၂၀၁၄ ခုနှစ်ကစပြီး ဝေဒနာရှင်တွေရဲ့ ၅၀ ရာခိုင်နှုန်းသာ ဆေးဝါးတွေရရှိနေတာကြောင့် AIDS ဝေဒနာရှင်တွေမှာ ဒုက္ခတွေနဲ့ ရင်ဆိုင်ရပြီး နိုင်ငံအနေနဲ့လည်း AIDS ရောဂါသည်တိုးပွားလာမှာကို ရင်ဆိုင်ရလိမ့်မယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ သတိပေးထားချက်ကို တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

## အဘိဓမ္မာအခါတော်နေ့ အထူးတရားပွဲ

**ရန်ကုန် အောက်တိုဘာ ၆**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၆၆)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အထူးတရားပွဲကို သီတင်းကျွတ်လပြည့် (အောက်တိုဘာ ၈ ရက်) ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း(ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)ရှိ အဘိဓမ္မရတနာဃရ (အဘိဓမ္မာဓမ္မဗိမ္မာန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အသင်းသား အသင်းသူများက အဘိဓမ္မာအခါတော်နေ့ ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲအခမ်းအနားကျင်းပြီး ည ၇ နာရီတွင် အဘိဓမ္မာအခါတော်နေ့ သီတဂူရေအလှူတော် အထူးတရားပွဲကို သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သဖြင့် တရားတော်နာကြွရောက် ကုသိုလ်ယူကြရန် ဖိတ်ကြားထားသည်။

တရားပွဲအပြီးတွင် တရားနာယူကြသော ပရိသတ်များအား ဆူးလေ၊ ပုဇွန်တောင်၊ ကမ္ဘာအေးစေတီရှေ့၊ ကမာရွတ်၊ လှည်းတန်း၊ စမ်းချောင်းမီးသတ်ရှေ့၊ မြောက်ဒဂုံဘေလီတံတားထိပ်နေရာများအထိ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ကိုချစ်)**

သွေးသည် အသက်





# ပညာဖြင့် အလှဆင် ဆရာများ၏ ဂုဏ်အင်

*သတင်း-မော်စီ၊ ဟန်နီဝင်း*
*ဓာတ်ပုံ- သန်းဦး(လေးမျက်နှာ)*


ဦးသန်းဦး
ပညာတန်ဆောင်
အုပ်ချုပ်ရေးအဖွဲ့ (ဉက္ကဋ္ဌ)


ဒေါက်တာဒေါ်သန်းနွဲ့
ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်
အမှုဆောင်အဖွဲ့ဝင်


ဦးသန်းလှိုင်
အခြေခံပညာအလယ်တန်းကျောင်းခွဲ
အုန်းနဲ့ဘုတ်ကျေးရွာ


ဦးလှနူး
မူလတန်းကျောင်းအုပ်
အမက(လွန်)၊ မုန်းဒိန်းပါကျေးရွာ

၂၀၁၄ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ ဖြစ်ပါသည်။ ထိုနေ့သည် စင်စစ်အားဖြင့် ပညာရေးနေ့ နေ့ထူးနေ့မြတ်လည်းဖြစ်ပေသည်။ ထိုပညာရေးနေ့ထူးနေ့မြတ်တွင် မြန်မာ့ဆရာများအပါအဝင် ကမ္ဘာ့ဆရာများ၏ ကျေးဇူးဂုဏ်ကို ဖွင့်ဟဖော်ကျူး၍ အလေးအနက် ဂုဏ်ပြုကြရမည်သာဖြစ်သည်။

ရိုသေလေးစားထိုက်သူတို့ကို ရိုသေခြင်း၊ ပူဇော်ထိုက်သူတို့ကိုပူဇော်ခြင်း၊ မိမိတို့အပေါ်ပြုထားဖူးသော ကျေးဇူးဂုဏ်ကိုသိတတ်ခြင်း၊ တုံ့ပြန်ခြင်းတို့သည် စင်စစ်အားဖြင့် ကောင်းမြတ်သောမင်္ဂလာတရားတော်များဖြစ်ကြသည်နှင့်အညီ ဤကဲ့သို့သော ကမ္ဘာ့ဆရာများနေ့ အခါကာလသမယ၌ ဖွင့်ဟဖော်ထုတ်ချီးကျူးဂုဏ်ပြုကြရမည်သာဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို နေပြည်တော်၌ ကျင်းပပြီး ဂုဏ်ထူးဆောင်ဆရာ ဆရာမကြီးများနှင့် လူမှုထူးချွန်ဆုရ ဆရာများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုဆုချီးမြှင့်ခြင်း ခံရသည့် ဆရာကြီး ဆရာမကြီးများ၏ ရင်တွင်းစကားသံများကို ကြားသိလို၍ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က သွားရောက် မေးမြန်းခဲ့သည်များကို ပြန်လည် မျှဝေလိုက်ပါသည်။

**ဦးသန်းဦး ပညာတန်ဆောင်**
**အုပ်ချုပ်ရေးအဖွဲ့ (ဉက္ကဋ္ဌ)**

ဒီနေ့ ကမ္ဘာ့ဆရာများနေ့ဟာ အကြိမ် (၂၀) မြောက် ကမ္ဘာ့ဆရာများနေ့ဖြစ်တယ်။ မြန်မာနိုင်ငံအနေနဲ့တော့ ၂၀၀၂ ခုနှစ်ကမှ စပြီးတော့ ကျင်းပတဲ့အတွက် (၁၂)ကြိမ်မြောက်နေ့ ဖြစ်ပါတယ်။ ဒီနှစ် ဆောင်ပုဒ်ဟာ အထူးအရေးကြီးပါတယ်။ အနာဂတ်ကို ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးက ဘာလဲဆိုတော့ "INVEST IN THE FUTURE, INVEST IN TEACHERS" ဒါ ဒီနှစ်ရဲ့ ထူးခြားတဲ့ ဆောင်ပုဒ်ပဲ။ ဆရာကို ပြုစုပျိုးထောင်ရမယ်။ ဆရာက တစ်ကမ္ဘာလုံးမှာ မြန်မာဆရာ အပါအဝင် သန်းခြောက်ဆယ်ရှိတယ်။ ကျောင်းသားက သန်းတစ်ထောင်ရှိတယ်။ အခု ဘယ်လောက်လိုလဲဆိုရင် ဆယ်စုနှစ်အတွင်းမှာ ဆရာ ၁၉ သန်း လိုတယ်။

ဒီနှစ်ဆယ့်တစ်ရာစုဟာ ပညာရာစုဖြစ်တဲ့အတွက် ပညာပေးရမယ်။ အရည်အသွေး ကောင်းမွန်တဲ့ ပညာပေးရမယ်။ အရည်အသွေးကောင်းမွန်တဲ့ ပညာကို ဘယ်သူပေးရမလဲဆိုတော့ အရည်အသွေးကောင်းမွန်တဲ့ ဆရာက ပေးရမယ်။ ဒါကြောင့် အလုပ်ခွင်ထဲက ဆရာရော၊ အလုပ်ခွင်အကြိုထဲက ဆရာရော သေချာပြုစုပျိုးထောင်ရမယ်။ ဒီကမ္ဘာ့ဆရာများနေ့ရဲ့ အရေးကြီးတဲ့ အချက်ပဲ။

ကမ္ဘာ့ဆရာများနေ့မှာ မင်္ဂလာတရားတော်နဲ့အညီ ကမ္ဘာကို ပညာဖြင့်အလှဆင်နေတဲ့ ဆရာတွေအားလုံးရဲ့ ကျေးဇူးဂုဏ်ကို၊ ကျေးဇူးတရားကို တို့ဖော်ထုတ်ပြီးတော့ ချီးကျူးဂုဏ်ပြုရမယ်။ ထို့အတူ မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာ့ဆရာတွေကိုလည်း ချီးကျူးဂုဏ်ပြုရမယ်၊ အရေးအကြီးဆုံးကတော့ ရှေ့လာမယ့်အနာဂတ်မှာ အနာဂတ်ပညာရေးကောင်းမွန်ဖို့ကိုတော့ ဆရာကို ကောင်းကောင်းမွေးထုတ်ရမယ်။ ဆရာကောင်း၊ ဆရာမွန်၊ ဆရာချွန်တွေ မွေးထုတ်ဖို့ လုပ်နေပြီ။ ဒီနှစ်ကစပြီးတော့ ထူးချွန်ဆရာဆုဆိုတာပေးမယ်။ ပထမဆု ဗဟိုအဆင့်မှာဆိုရင် သိန်း ၄၀ အထိပေးမယ်၊ ဒုတိယဆု သိန်း ၂၀၊ တတိယဆု ၁၀ သိန်း၊ နောက်တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှာဆိုရင် ငါးသိန်း၊ လေးသိန်း၊ နှစ်သိန်း၊ တစ်သိန်းပေါ့လေ၊ သူတို့ကိုလည်းပဲ ဆုတွေလျာထားပြီးပြီ။ အခု အောက်တိုဘာ ၁၄ ရက်မှာ ကျောင်းအဆင့် အရင်ရွေးမယ်၊ အောက်တိုဘာ ၃၀ ရက်မှာ မြို့နယ်အဆင့် ရွေးမယ်၊ နိုဝင်ဘာ ၂၁ ရက်မှာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ရွေးမယ်၊ ဒီဇင်ဘာ ၂၂ ရက်မှာ ဗဟိုအဆင့်ရွေးမယ်၊ ဆရာတွေကို ပထမဦးဆုံး ရွေးချယ်ချီးမြှင့်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ဆရာဆိုတာ အမြင့်ဆုံးထားတယ်၊ ကမ္ဘာမှာလည်း ဆရာကို ဆရာ့နေရာမှာ ထားပါတယ်။ ဒါကြောင့်မို့လို့ ဆရာကို ပြုစုပျိုးထောင်ခြင်းဟာ အနာဂတ်အတွက် ပြုစုပျိုးထောင်ခြင်း၊ ဒါကြောင့် ဒီနေ့ဒီရက်မှာ ဆရာ ဆရာမများရဲ့ ဂုဏ်ကျေးဇူးကို ပညာဖြင့်အလှဆင်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ ကျေးဇူးကို ထူးထူးခြားခြား ထိုက်ထိုက်တန်တန် ဂုဏ်ပြုဖို့ဖြစ်ပါတယ်။ နောင်နှစ်တွေလည်း ဒီထူးချွန်ဆရာဆုကို ဆက်ပေးသွားမယ်။

ဖြတ်သန်းလာခဲ့တဲ့ အခြေအနေနဲ့၊ ဒီနေ့ တက်လှမ်းနေတဲ့ အခြေအနေနဲ့ မြန်မာနိုင်ငံရဲ့ ပညာခေတ်စမ်းချိန်ဟာ မတူပါဘူး။ ကိုယ်တိုင်ဖြတ်သန်းခဲ့ရတဲ့အတွက် မတူတာကို သိရပါတယ်။ အထူးသဖြင့် မနေ့ကစထွက်တဲ့ အမျိုးသားပညာရေးဥပဒေဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ် ထုတ်ပြန်တာပဲ။ အရင်တုန်းက ဒီလို အမျိုးသားပညာရေးဥပဒေမရှိပါဘူး။ အမျိုးသားပညာရေးဥပဒေဆိုတာ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့မှာရှိတယ်။ အခုမြန်မာနိုင်ငံမှာလည်းရှိပြီ အဲဒီဥပဒေအရ ဆောင်ရွက်ကြရတော့မယ်။

**ဒေါက်တာဒေါ်သန်းနွဲ့**
**ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်**
**အမှုဆောင်အဖွဲ့ဝင်**

ဆရာ ဆရာမဆိုတာ မြန်မာ့ယဉ်ကျေးမှုမှာ လက်ဦးဆရာမိဘနှစ်ပါးနဲ့ တစ်တန်းတည်းပါ။ ကလေးတစ်ယောက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဆရာ ဆရာမတွေရဲ့ စိတ်ဝင်စားမှုပေါ်မှာ အများကြီး မူတည်ပါတယ်။ ကလေးတွေဖွံ့ဖြိုးအောင်၊ တိုးတက်အောင် စေတနာအရင်းနဲ့သင်ပေးမှ ကလေးတွေက ဆရာတွေရဲ့ စေတနာမေတ္တာကိုခံယူပြီးတော့ ကြိုးစားမှုတွေရရှိလာပြီး တိုင်းပြည်အတွက် သားကောင်း သမီးကောင်းတွေ ဖြစ်လာမှာပါ။

ကျွန်မက ဆရာဆိုတဲ့ဂုဏ်ကို မြတ်နိုးလို့ အပြင်မှာလုပ်နေရင်းက ဒီဘက်ကိုပြောင်းလာတာပါ။ ဘယ်လိုပဲ အခက်အခဲတွေတွေ့တွေ့ ကိုယ်လုပ်တဲ့အလုပ်ကို အကောင်းဆုံး ဖြစ်အောင် လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်။ ကျောင်းဆရာ ဆရာမဆိုတာ ကျောင်းသားတွေနဲ့ ဆက်ဆံရတာရယ်၊ မိမိကို အုပ်ချုပ်တဲ့သူနဲ့ ဆက်ဆံရတာရယ် နှစ်ဖက်ရှိပါတယ်။ ဒါကြောင့် အထက်ကပေးတဲ့ တာဝန်ကိုလည်း ကိုယ်အတတ်နိုင်ဆုံး ကြိုးစားလုပ်မယ်၊ ကလေးတွေဘက်ကိုလည်း ကျောင်းပညာရေးတွင်မကဘဲ ဘက်စုံဖွံ့ဖြိုးမှုတွေရရှိအောင် ဦးဆောင်ပြီး ကိုယ့်ဘဝတစ်ခုလုံးကိုရင်းပြီး လုပ်တဲ့အတွက်အဆင်ပြေပါတယ်။

ဆရာစိတ်ဓာတ်ဆိုတာက ဆရာစားမချန်ဘဲ ကလေးတွေကိုကိုယ့်ထက်တော်တဲ့သူတွေ ဖြစ်သွားစေချင်တယ်။ သူတို့လေးတွေ မှားနေတာတွေ့လည်း အမုန်းခံပြီး ပြောစရှိရင် ပြောလိုက်တယ်။ ဆရာ ဆရာမဆိုတာ ကျောင်းသား ကျောင်းသူတွေရဲ့ဘဝကိုနားလည်ပေးရမယ်။ နောက်ပြီးတော့ သူတို့တွေဘာတွေလိုအပ်နေလဲ၊ စိတ်ဓာတ်အားဖြင့် စိတ်ဓာတ်ကျနေလား စသည်ဖြင့် အနီးကပ်ကြီးကြပ်ပြီးတော့ လမ်းမှန်ကိုရောက်အောင် တည့်မတ်ပေးရပါမယ်။

ဆရာ ဆရာမများကလည်း ဝါသနာ၊ စေတနာ၊ အနစ်နာဆိုတဲ့ နာသုံးနာ ဆိုရိုးစကားအတိုင်း အားထည့်ပြီးတော့ မိမိရဲ့အလုပ်သည် ငွေကြေးများစွာမရဘဲ ဘဝအခက်အခဲများ ရှိသော်လည်း မွန်မြတ်တဲ့ စေတနာနဲ့ လုပ်ဆောင်သွားမယ်ဆိုရင် ကုသိုလ်လည်းရပါတယ်။ တိုင်းပြည်ကိုလည်း ကူညီရာရောက်ပါတယ်။ ဒါကြောင့် ကိုယ်ရောက်တဲ့နေရာမှာ၊ ကိုယ့်တာဝန်ကျရာနေရာမှာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးသန်းလှိုင်**
**အခြေခံပညာ အလယ်တန်းကျောင်းခွဲ၊**
**အုန်းနဲ့ဘုတ်ကျေးရွာ**

ကျွန်တော်တာဝန်ထမ်းဆောင်တဲ့ သက်တမ်းဟာ ၁၉၉၂ ခုနှစ်ကစပြီး လုပ်သက် ၂၁ နှစ်ရှိပါပြီ။ တာဝန်ထမ်းဆောင်နေချိန်အတွင်း ကျောင်းသုံးကျောင်းမှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖူးပါတယ်။ တာဝန်ထမ်းဆောင်ချိန်မှာ ကျောင်းလုပ်ငန်းတွေ၊ သင်ကြားရေး လုပ်ငန်းတွေကို စိတ်အား၊ ကိုယ်အားနဲ့ လုပ်ဆောင်ပါတယ်။ စာပေလေ့လာ ဖတ်ရှုတဲ့အတွက် အသိပညာတွေမြင့်မားလာပါတယ်။ အခု ဆူးလေကုန်းကျောင်းမှာ တာဝန်ထမ်းဆောင်ချိန်မှာ ကျောင်းလုပ်ငန်းတွေ၊ သင်ကြားရေးလုပ်ငန်းတွေအပြင် ရပ်ကျိုးရွာကျိုးလုပ်ငန်းတွေကိုပါ ပါဝင်လုပ်ဆောင်ပေးပါတယ်။

ကလေးတွေကို မနက်ခင်းတိုင်းကျောင်းမတက်ခင်မှာ အခမဲ့ စာသင်ပေးပါတယ်။ ညနေပိုင်း ကျောင်းဆင်းရင်လည်း ကလေးတွေ ကျန်းမာရေးကိုယ်လက်လှုပ်ရှားမှု ကစားချိန်လေးပေးပြီးရင် အချိန်ပိုစာသင်ပေးပါတယ်။ ဆူးလေကုန်းရွာမှာ ညနေ ၆ နာရီကနေ ည ၉ နာရီထိ ကျေးရွာမီးလာပါတယ်။ အဲဒီအချိန်မှာ ညစာဖတ်ဝိုင်းလေး လုပ်ပေးပါတယ်။ ညစာဖတ်ဝိုင်းလေးကျတော့ မူလတန်းအထက်ဆင့်ကနေ အထက်တန်းထိ ကျောင်းသား ကျောင်းသူတွေကို လုပ်ပေးပါတယ်။ ပညာရေးတိုးတက်စေချင်လို့ပါ။ ရပ်ရွာကဏ္ဍကျတော့ ရွာ ပရဟိတအသင်းမှာ ရွာသားတစ်ယောက်လို နာရေးကအစ ပါဝင်ဆောင်ရွက်ပေးတယ်။ ထင်ရှားတာ တစ်ခုကတော့ မိုးရွာလို့ တာပျက်စီးတာကြောင့် ကလေးတွေ၊ ရွာသားတွေ ဒုက္ခရောက်ပါတယ်။ ဒါကြောင့် ပြင်ဖို့ကို မနှစ်ကတည်းက ကျွန်တော်ကတင်ပြတယ်။ ကျွန်တော်ကလည်း ကျွန်တော့်လစာထဲက လှူပါတယ်။ ကျွန်တော်က သေးသေးလေးပဲ လုပ်ဖြစ်မယ်ထင်ပါတယ်။ တကယ်တမ်းတော့ ရွာကရော၊ ရွာလူကြီးတွေရော ပူးပေါင်းပြီး စိတ်အား၊ လူအားရော လုပ်ဆောင်လိုက်တာ ကားသုံးလေးစီးလောက် သွားလို့ရတဲ့ လမ်းဖြစ်သွားပါတယ်။ တကယ်လုပ်ရင် တကယ်ဖြစ်တယ်ဆိုတာ ကျွန်တော်သိသွားပါတယ်။

ဆရာတစ်ယောက်အနေနဲ့ နွေးထွေးတဲ့ မေတ္တာတရားနဲ့ သင်ပါတယ်။ မေတ္တာတရား အရင်းတည်ပြီး သင်ကြားပေးပါတယ်။ အခုလို ထူးချွန်ဆုရရှိတာ နွေးထွေးသော မေတ္တာတရားကြောင့်လို့ ထင်ပါတယ်။

**ဒေါ်ခင်ခင်**
**အထက(၂) ကျောင်းအုပ် (ငြိမ်း)**

ကျောက်ဆည်မြို့ကပါ။ အခုလို ဂုဏ်ပြုခံရတဲ့အတွက် ဘဝမှာ ဂုဏ်ယူစရာကောင်းပါတယ်။ အသက် (၈၅) နှစ်ရှိပါပြီ။ အခု ကျောက်ဆည်မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်မှာ စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်နေပါတယ်။ အထက (၂) ကျောင်းအုပ်ဆရာမကြီးအနေနဲ့ ပင်စင်ယူထားတာပါ။ ကျောင်းလုပ်ငန်းတွေကို အသက် (၆၀) ပင်စင်ယူသည်အထိ လုပ်ပြီးတော့ အခုတော့ လူမှုရေးလုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်ပါတယ်။ ရေတွင်းရေကန်တွေ တူးတယ်။ မျက်စိဝေဒနာရှင်တွေ ခွဲစိတ်ကုသမှုကို ကူညီပေးတာတို့၊ နှာခေါင်းကွဲ၊ အာခေါင်ကွဲကလေးတွေကို ခွဲစိတ်ကုသပေးပါတယ်။ ကလေးတွေလည်း စာဖတ်ချင်အောင်လို့ စာကြည့်တိုက်ကိုလည်း ဖိတ်ခေါ်တယ်။ သူတို့ကျောင်းတွေမှာလည်း စာအုပ်တွေ ငှားပေးပါတယ်။

ဆရာမကြီးအနေနဲ့ ဆရာ ဆရာမတွေအားလုံးကို နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးကို ပြီးပြည့်စုံအောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဦးလှနူး**
**မူလတန်းကျောင်းအုပ်**
**အမက(လွန်)၊ မုန်းဒိန်းပါကျေးရွာ**

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် အောက်တိုဘာလကုန်ခါနီး ဖြစ်ရပ်ကလေးကြောင့် ဆုရရှိတာပါ။ အဲဒီအချိန်ရွာမှာ တိုက်ပွဲဖြစ်စဉ်တစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီ တိုက်ပွဲဖြစ်စဉ်ကြောင့် ကလေးသူငယ်နဲ့၊ အသက်ကြီးတဲ့သူတွေနဲ့၊ ကျောင်းတက်နေတဲ့ ကျောင်းသားလူငယ်တွေရဲ့ အသက်ဘေးကို မထိခိုက်ရအောင်ဆိုပြီး ကျွန်တော် လုပ်ဆောင်ခဲ့ပါတယ်။

အခုလို ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပနိုင်အောင် အဘက်ဘက်က ဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ သက်ဆိုင်ရာဌာနဆိုင်ရာတွေကို ကျေးဇူးတင်ရှိပါတယ်။ အခုလို စွမ်းဆောင်နိုင်ဖို့အတွက် ဆရာ ဆရာမတွေ အားလုံးက ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ လက်ရှိပညာရေးစနစ်အရ ကလေးတွေရဲ့ သင်ရိုးညွှန်းတမ်းဟာ နည်းနည်းအားနည်းနေပါတယ်။ ကလေးတွေရဲ့ စိတ်ဝင်စားမှု အားနည်းနေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ဆရာ ဆရာမတွေက ဆရာ့အရည်အသွေးကို မြှင့်တင်ပြီး ဝိုင်းဝန်းဆောင်ရွက် ပေးကြပါလို့ ပြောကြားလိုပါတယ်။

ကောင်းမြတ်သည့် ဂုဏ်အင်္ဂါလက္ခဏာအပေါင်းတို့နှင့် ပြည့်စုံသော၊ ဂုဏ်ရောင်ပြောင်သောဆရာ၊ ဆရာ့ဂုဏ်ကို ကောင်းစွာဆောင်သော ဂုဏ်ဆောင်ဆရာအဖြစ်သို့ပါ တက်လှမ်းနိုင်ကြပါစေကြောင်း ဤကမ္ဘာ့ဆရာများနေ့တွင် ဆုမွန်ကောင်းတောင်းလျက်။ ။



# မြန်မာနှင့် အစ္စရေး ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်တိုးမြှင့်ခြင်းနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီး H.E.Hagay M.Behar နှင့် DICA ၏ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့သည် မြန်မာနှင့်အစ္စရေး ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်တိုးမြှင့်ခြင်းနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်အား ရန်ကုန်မြို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က လက်မှတ်ရေးထိုးခဲ့သည်။ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ခဲ့ပြီး DICA မှ ဝန်ထမ်းများ၊ သံရုံးဝန်ထမ်းအရာရှိများနှင့် ဖိတ်ကြားထားသော စာနယ်ဇင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် အစ္စရေးသံအမတ်ကြီးက ၂၁ ယောက်မြောက် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအဖြစ် တာဝန်ပြီးဆုံးချိန်တွင် အထက်ပါ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရခြင်းအတွက် အလွန်ပင် နှစ်ထောင်းအားရ ဖြစ်မိကြောင်း၊ မြန်မာဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ မြန်ဆန်ကျွမ်းကျင်ပိုင်နိုင်သော စေ့စပ်ဆွေးနွေးမှုကို ချီးကျူးဂုဏ်ယူသည်ဟု ပြောလိုကြောင်း၊ နှစ်နိုင်ငံကြား အစွန့်ရှည်ကြာခဲ့ပြီးဖြစ်သော ချစ်ကြည်ရေးကို အလေးထားကြောင်း၊ ဤသဘောတူညီချက်စာချုပ်သည် အစ္စရေးစီးပွားရေးလုပ်ငန်းရှင် အများအပြားနှင့် ကုမ္ပဏီအများအပြားကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်အားပေးရုံမျှမက နှစ်နိုင်ငံကြား ကုန်သွယ်မှုကို ချဲ့ထွင်ပေးမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းနယ်ပယ်နှင့် နိုင်ငံ့စီးပွားတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်ဟု အခိုင်အမာယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲ အသက် (၂၀) အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

၂၀၁၄ ခုနှစ်မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကန်တော်ကြီးရေကန်၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြို့လှေလှော်အားကစားလေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် အမျိုးသား အမျိုးသမီးလှေလှော်အားကစားသမားများက သရုပ်ပြလှော်ခတ်ကြသည်။

ဆက်လက်၍ ဗိုလ်လုပွဲများအဖြစ် ရိုးရာလှေ အမျိုးသား ၅ တက်လှော် မီတာ ၂၀၀ ဗိုလ်လုပွဲ၊ ရိုးရာလှေ အမျိုးသား ၁၀ တက်လှော် မီတာ ၅၀၀ ဗိုလ်လုပွဲ၊ ရိုးရာလှေ အမျိုးသား ၅ တက်လှော် မီတာ ၃၀၀ပြိုင်ပွဲ၊ ရိုးရာလှေ အမျိုးသား ၁၀ တက်လှော် မီတာ ၃၀၀ ဗိုလ်လုပွဲတို့ ယှဉ်ပြိုင်ကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ရိုးရာလှေ အမျိုးသား ၅ ယောက် တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရခိုင်ပြည်နယ်အသင်း၊ ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ရိုးရာလှေ အမျိုးသား ၅ တက်လှော် မီတာ ၃၀၀ ပြိုင်ပွဲတွင် တတိယဆုရ ရခိုင်ပြည်နယ်အသင်း၊ ဒုတိယဆုရ တနင်္သာရီတိုင်းဒေသကြီးအသင်း၊ ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်း၊ ရိုးရာလှေလှော် အမျိုးသား ၁၀ တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ဒုတိယဆုရ တနင်္သာရီတိုင်း ဒေသကြီးအသင်း၊ ပထမဆုရ ဧရာဝတီ တိုင်းဒေသကြီးအသင်း၊ ရိုးရာလှေ အမျိုးသား ၁၀ တက်လှော် မီတာ ၃၀၀ ပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်တိုင်း ဒေသကြီး၊ ဒုတိယဆုရ ကချင်ပြည်နယ်နှင့် ပထမဆုရ ဧရာဝတီ တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ရိုးရာလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခုဖြင့် ပထမရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကိုတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ငွေသားဆုသုံးသိန်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ချီးမြှင့်ပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ညနေ ၃ နာရီခွဲတွင် မန္တလာသီရိ ဘောလုံးအားကစားကွင်း၌ ကျင်းပသော ၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၂၀)အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး၍ ဆုများချီးမြှင့်ကြသည်။

ဗိုလ်လုပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် နေပြည်တော် ကောင်စီနယ်မြေ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက နေပြည်တော်ကောင်စီနယ်မြေ အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ အကောင်းဆုံးဂိုးသမားဆုနှင့်ငွေသားဆုကျပ်ငါးသောင်းကို မကွေးတိုင်းဒေသကြီးအသင်းမှ ဂိုးသမား စောဌေး၊ အကောင်းဆုံး နောက်တန်းကစားသမားဆုနှင့်ငွေသားဆုကျပ်ငါးသောင်းကို နေပြည်တော်ကောင်စီနယ်မြေ အသင်းမှ ဇေရဲနောင်၊ အကောင်းဆုံး အလယ်တန်း ကစားသမားဆုနှင့် ငွေသားဆု ကျပ်ငါးသောင်းကို နေပြည်တော် ကောင်စီနယ်မြေအသင်းမှ အောင်နိုင်ဝင်း၊ အကောင်းဆုံး ရှေ့တန်း အားကစားသမားဆုနှင့် ငွေသားဆု ကျပ်ငါးသောင်းကို နေပြည်တော် ကောင်စီနယ်မြေအသင်းမှ ရောဘတ်သွမ်းထယ်၊ ပွဲစဉ်တစ်လျှောက်လုံး အကောင်းဆုံးအားကစားသမားဆုနှင့် ငွေသားဆုကျပ်ငါးသောင်းကို မကွေးတိုင်းဒေသကြီးအသင်းမှ ပြည့်မောင်မောင်အား မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ချီးမြှင့်သည်။

ဆက်လက်၍ အသန့်ရှင်းဆုံးဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်းအား အသန့်ရှင်းဆုံးဆုဖလားနှင့် ငွေသားဆု ကျပ်သုံးသိန်း၊ တတိယဆုရရှိသော ကချင်ပြည်နယ်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသော နေပြည်တော် ကောင်စီနယ်မြေအသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆု ကျပ်သိန်း ၂၀၊ ပထမဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်းမှ အားကစားသမားများ အား တစ်ဦးချင်းရွှေတံဆိပ်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရ မကွေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဆင့်ပွားဒိုင်းဆုနှင့် ငွေသားဆုကျပ် ၂၅ သိန်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၄ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် (ပုဂံ)တွင် ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၆**

၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပွဲ ပဉ္စမပွဲစဉ်အား မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မြန်မာပီဂျီအေတို့ကကြီးမှူးပြီး အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD)မှ အဓိကကူညီပံ့ပိုးပေးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပွဲ ပဉ္စမပွဲစဉ် (ပုဂံ)တွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်း အမျိုးသားအဆင့် H Cap (0-12)၊ အမျိုးသမီးအဆင့် H'Cap (0-24) ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များသည် အောက်တိုဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း ၀၉-၂၀၃၇၆၇၁၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် (Bagan Golf Resort) တို့တွင် စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေး နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည် မဟုတ်သဖြင့် ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၂၀၀၀၀ အား အောက်တိုဘာ ၁၄ ရက် နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် Official Practice Round အား အောက် တိုဘာ ၁၃ ရက်မှ ၁၅ ရက် နေ့တစ်ဝက်အထိ ခွင့်ပြုထားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များ သွားလာမှုအဆင်ပြေစေရန်အတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ရွှေမန်းသူယာဉ်များ စီစဉ်ပေးထားပါသဖြင့် ရန်ကုန်မြို့မှ ပုဂံညောင်ဦးမြို့သို့ အောက်တိုဘာ ၁၂ ရက်တွင် ကားထွက်ခွာမည်ဖြစ်သည်။ စီးနင်းလိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့တွင် ကျောက်ရေတွင်းရှိ (မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း) HAN Event Management သို့ ကြိုတင်စာရင်းပေးရမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

**❂ ရှေ့ဖုံးမှ**

၂ ဒသမ ၁၇ ရာခိုင်နှုန်းနှင့် အခြားဘာသာဝင် ၁ ဒသမ ၂၆ ရာခိုင်နှုန်း ကိုးကွယ်နေထိုင်လျက်ရှိသည်။

ထိုရိဒ်ခေါဒါရ်မြို့နယ်ခွဲ၏ တောင်အောက်တွင်ကား နှစ်စဉ်ရေအပြည့်ရှိနေသော "ချင်းတောင်၏ အသည်းဆိုင်ရိဒ်ရေအိုင်ကြီးတစ်အိုင်" တည်ရှိနေပါသည်။ ထိုရေအိုင်ကြီးသည် အသည်းပုံရှိနေပြီး ထူးခြားသော ရေကန်ကြီးဖြစ်သည်။ ချင်းတောင်တန်း၏ အလှသရဖူကို ဂုဏ်ယူစွာ သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေကန်ကြီး ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဤအသည်းပုံရေကန်မျိုးရှိမည်မထင်ပါ။ ထူးခြားဆန်းပြားလှသော ရေအိုင်ကြီး၊ ရေကန်ကြီးတစ်ကန်ဖြစ်သည်။

ထိုရေကန်ကြီး၏ ထူးခြားချက်မှာ နှစ်စဉ် ဒီဇင်ဘာလရောက်တိုင်း ရေကန်၏ အရောင်မှာ ကော်ဖီရောင်ကဲ့သို့ ကန်ရေနောက်ကျိသွားပြီး လှပမာဏမျှရှိသော ငါးကြီးများ ပေါ်လာခြင်းပင်ဖြစ်သည်။ ထိုသို့ ငါးကြီးများပေါ်လာသည်မှာ တစ်လကြာပါသည်။ ရေအနက်မှာ ပေ ၆၀ ခန့်ရှိမည်ထင်ရသည်။ အပ်ချည်လုံးတစ်လုံးချကြည့်ပါက အဆုံးအထိနက်ပါသည်။ ရေပြင်၏အကျယ်မှာနှစ်မိုင်ခွဲ သုံးမိုင်ခန့်ရှိပြီး "ဝိညာဉ် ခြံစည်းရိုးပင်" ဟုခေါ်သော "မိုးမခပင်" များက သဘာဝအလျောက် ဝိုင်းရံပေါက်ရောက်လျက်ရှိနေကြသည်။

မိုးရာသီတွင်
"ကြာဖြူ ကြာနီ၊ ကြာညိုနှော့လို့
တို့လယ်တောမှာ ပွင့်ကြတယ်၊
ကောက်စိုက်အပြန် ရေကန်ကြီးက
ကြာတစ်စည်းလောက်ချိုးခဲ့ကွယ်" ဟူသော ဆရာကြီး မင်းသုဝဏ်၏ ကဗျာထဲကကဲ့သို့ပင် ရိဒ်ရေကန်ကြီးတွင် ကြာဖြူ ကြာနီနှင့် ဗေဒါပန်းများဖူးပွင့်ဝေဆာအလှဖြာ၍ နေလေ့ရှိပါသည်။ ကမ်းဘေးရှိ မိုးမခပင်များပေါ်တွင်လည်း ချင်းတောင်ထွက် ရှားပါးသစ်ခွများက ဖူးပွင့်ဝေဆာအလှဖြာ၍နေပါသည်။ ထိုရိဒ်ရေကန်ဘေးဝဲ၊ ယာတို့တွင်ကား ရိဒ်ခေါဒါရ်မြို့သူမြို့သားများ စိုက်ပျိုးထားကြသော စပါးနှံတို့မှာ ရွှေရောင်အဆင်းရှိနေပါသည်။ စိမ်းလဲ့၍နေကြပါသည်။

ချင်းတောင်ပေါ်က သဘာဝရိဒ်ရေကန်ကြီးကား လှချင်တိုင်းလှ၊ သာယာချင်တိုင်းသာယာနေရာ ဘယ်ပန်းချီရေးလို့မမီ၊ နတ်တို့ဖန်ဆင်းထားဘိသကဲ့သို့ ရှိနေပါသည်။ တောင်ပတ်လည် ဝိုင်းရံနေသော ရိဒ်ရေကန်ကား ကြည်လင်အေးမြ ပြာလဲ့၍ နေပါသည်။ တောရိပ်တောင်ရိပ်ကြောင့် ရေကန်သည် စိမ်း၍နေသည်။ ကြည်၍နေပါသည်။

ရိဒ်ရေကန်၏ ထူးခြားချက်မှာ ရေလျော့သွားသည်ဟူ၍ မရှိပါ။ ရေပြည့်လျှံသွားလျှင်လည်း အသည်းပုံပျက်မသွားစေရန် ရေတို့က အလိုလိုလျော့သွားလေ့ရှိပါသည်။ နှစ်ပေါင်းများစွာကြာသော်လည်း ယနေ့အထိ ရေအတိမ်အနက်အကျယ်အဝန်းပြောင်းလဲသွားခြင်းမရှိပါ။

မြန်မာနိုင်ငံအား အင်္ဂလိပ်များသိမ်းပိုက်စဉ်အခါက ထိုရိဒ်ရေကန်ထဲမှ ရေများကို ခမ်းခြောက်သွားအောင် ဗြိတိသျှစစ်သားများနှင့် ဂေါ်ရခါးစစ်သားအချို့တို့ကရေနုတ်မြောင်းများ ဖောက်လုပ်တူးဖော်စေခဲ့ပါသည်။ ရေများခန်းခြောက်ခါနီးတွင် ရုတ်တရက်ရေကန်ထဲမှ ဖျာလိပ်အရွယ်ရှိ မြွေနဂါးကြီးထွက်ပေါ်လာသဖြင့် ကြောက်လန့်ထွက်ပြေးကြပါသည်။ မြွေနဂါးကြီးမှာ ဦးခေါင်းတွင် ကျစ်ဆံမြီးနှစ်ဖက်နှင့် ရင်သားတစ်ဖက်ပါသော မြွေကြီးဟုဆိုပါသည်။ ဒေသခံတို့က ရေကန်စောင့်နတ်ဟု ယူဆကြပါသည်။

ထိုမြွေနဂါးကြီးရုတ်တရက်ပေါ်လာပြီးနောက် ချက်ချင်းပင်ခရမ်းသီးအရွယ်ခန့်ရှိသော မိုးသီးများ၊ ကြက်ဥအရွယ်ရှိ မိုးသီးများရွာကျလာပြီး ရေနုတ်မြောင်းဖောက်သော စစ်သားအားလုံးသည် ထိုညတွင်ပင် သေဆုံးကုန်ကြသည်ဟု ဆိုသည်။ ဗြိတိသျှနယ်ချဲ့တို့က ထိုရိဒ်ရေကန်ကြီးကို လူအင်အား၊ စက်ယန္တရားအင်အားများစွာဖြင့် အကြိမ်ကြိမ်ဖျက်ဆီးခဲ့သော်လည်း မဖျက်ဆီးနိုင်ကြဟုသိရသည်။ ဒေသခံတို့က ကန်စောင့်နတ်တန်ခိုးကြီးသည်ဟု ယနေ့တိုင် ဒဏ္ဍာရီသဖွယ် ယူဆပြောဆို နေကြသည်။

ရှေးက ထိုကန်အနီးတစ်ဝိုက်တွင်နေထိုင်ကြသော ချင်းလူမျိုးနွယ်စုများ၏ အယူအဆအရ ဤရိဒ်ရေကန်သည် သေဆုံးသူတို့၏ဝိညာဉ်များ ပထမဆုံးစခန်းချစုဝေးရာနေရာဖြစ်သည်ဟု ယုံကြည်ကြသည်။

ရှေးကထိုဒေသတစ်ဝိုက်တွင် တောဆင်များ ပေါများသော်လည်း မုဆိုးများက မပစ်ခတ်နိုင်၊ တစ်ကောင်မျှမရ။ သေရတော့မည်ဟုသိသောဆင်များသည် ထိုရိဒ်ရေကန်ထဲ ခုန်ဆင်းသေလေ့ရှိသည်ဟု သိရသည်။ ထို့ကြောင့် ရိဒ်ရေကန်ထဲတွင် ဆင်စွယ်များစွာရှိလိမ့်မည်ဟုလည်း ယူဆနေကြပါသည်။ ချင်းတောင်ပေါ်က ရိဒ်ရေကန်ကား ဤမျှစိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

ထိုမျှထူးခြားလှသော ရိဒ်ရေကန်ရှိရာသို့ ယခုအခါ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်အပန်းဖြေလေ့လာလျက်ရှိကြသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ လာရောက်လေ့လာသူပိုမိုများပြားလျက်ရှိသည်။ ရိဒ်ရေကန်တွင် ညအိပ်တည်းခိုရန် ဘန်ဂလိုများလည်း ဆောက်လုပ်ထားပြီးဖြစ်၍ လာရောက်အပန်းဖြေလေ့လာနိုင်ကြသည်။ စားသောက်ရန် "ရိဒ်ရေကန်သာ" စားသောက်ဆိုင်များလည်းရှိနေပြီဖြစ်၍ တစ်ခါတစ်ခေါက်လာရောက်အပန်းဖြေလှည့်ကြပါဟု ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။

❒❒

# ဂျပန်ရေယာဉ်သစ်အား ငွေကျပ် ၁၀၀ ဖြင့် ပြည်သူများ စီးနင်းနိုင်တော့မည်

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

၂၀၀၈ခုနှစ်နောက်ပိုင်းမှစတင်၍ဂျပန်အစိုးရ JICA သည် မြန်မာနိုင်ငံအား အရေးပေါ်ကူညီပေးနိုင်ရန် "The Urgent Project for Rechabilitation of Yangon Port and Main Inland Water Transport In the Union of Myanmar" အမည်ရှိ ပရောဂျက်စီမံကိန်းအားရေးဆွဲ၍ အကူအညီပေးခဲ့သည်။ JICA သည် ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် မြန်မာနိုင်ငံအား တစ်စင်းလျှင် အမေရိကန်ဒေါ်လာ လေးသန်းခန့်တန်ဖိုးရှိသောရေယာဉ်(Ferry) သုံးစင်းအား တည်ဆောက်ပေးရန် ဂျပန်နိုင်ငံတိုကျိုမြို့တွင် လက်မှတ်ရေးထိုးပေးခဲ့သည်။ အဆိုပါ ရေယာဉ် သုံးစင်းအား အောက်တိုဘာ ၁၀ ရက်တွင် ဂျပန်နိုင်ငံ ဟီးရိုရှီးမား ဆိပ်ကမ်းမှနေ၍ မြန်မာနိုင်ငံသို့ သယ်ဆောင်လာမည်ဖြစ်သည်။ အဆိုပါ ရေယာဉ်များနှင့် ပတ်သက်၍ ပြည်သူများသိရှိနိုင်စေရန် မြန်မာနိုင်ငံပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိန်းအား မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ဆရာ JICA က ရန်ကုန်-ဒလ ပြေးဆွဲမယ့် သင်္ဘောသစ် သုံးစင်းလှူထားတယ်ဆိုတော့ လှူဖြစ်ပုံလေးကို သိချင်ပါတယ်။**

ဖြေ။ ။၂၀၀၈ခုနှစ် မေလ ၂ ရက် နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့တယ်။ အဲဒီနောက်မှာတော့ မြန်မာ့ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ရေယာဉ်အစင်း ၄၀ လောက် မျောပါသွားပြီးတော့ ပဲခူးချောင်ဝိုင်းဆိုတဲ့နေရာမှာ သွားတင်တယ်။ ညဘက်ရေနဲ့ မျောသွားပြီး တင်တာပေါ့။ ၃၂ စင်းက လုံးဝမြုပ်သွားတယ်။ အားလုံး ၇၂ စင်းပေါ့။ နန်းသီတာလိုအခိုင်အမာလုပ်ထားတဲ့ ဂျက်တီတွေတောင် ပြုတ်ထွက်ကုန်တာပေါ့။ ဒီသတင်းကိုဂျပန်အစိုးရ JICA က ကြားသွားတယ်။ ဒါနဲ့ ဆက်သွယ်လာတယ်။ ကျွန်တော်တို့ရေယာဉ်တွေနဲ့ ပတ်သက်တာပြောပြတော့ ပြည်သူလူထုကိုအမြန်ဆုံးအကျိုးရှိစေမယ့် အကူအညီက ဘာဖြစ်မလဲလို့ မေးတယ်။ အဲဒီမှာ သင်္ဘောကျင်းတွေပြုပြင်ပေးဖို့၊ ရေယာဉ်ဟောင်းပြင်ဆင်ပေးဖို့ ရေယာဉ်အသစ်တွေနဲ့ အစားထိုးပေးဖို့ ကျွန်တော်တို့က အကူအညီတောင်းခဲ့တယ်။ ပြည်သူကိုပို့နေရတဲ့ Ferry သစ်တွေ၊ ဂျပန်နိုင်ငံက တည်ဆောက်ပေးမယ်ဆိုရင် ကောင်းမွန်သစ်လွင်တဲ့ စိတ်ချရတဲ့ရေယာဉ်တွေနဲ့ ကူးနိုင်မယ်ပေါ့။ ဘာလို့လဲဆိုတော့ ပန်းဆိုးတန်း-ဒလ ပြေးဆွဲနေတဲ့ရေယာဉ်(Ferry)တွေ ရှိပါတယ်။ ပြေးဆွဲပေးတဲ့ သင်္ဘောလေးစင်း ရာဇဝင်ကလည်း လွန်ခဲ့တဲ့နှစ် ၅၀ ကျော်လောက်ကဟာတွေ။ ယာဉ်အိုယာဉ်ဟောင်းတွေ။ အမြဲတမ်းပြုပြင်နေတော့ ဒီလောက်ထိသုံးနေရတယ်ဆိုပြီးရေယာဉ်သစ်တွေ ကူညီပေးဖို့တောင်းခဲ့တာပါ။

**မေး။ ။တကယ် လက်တွေ့တည်ဆောက်ပေးဖို့ စာချုပ်ချုပ်တဲ့အချိန်ကကော။**

ဖြေ။ ။ အဲဒီလိုရေယာဉ် Ferry လေးစင်းလောက် ကူညီဖို့ JICA ကိုအကူအညီတောင်းတော့ ဂျပန်ကမြေပြင်စစ်ဆေးလေ့လာမှုတွေပြုလုပ်တယ်။ ဆာဗေးလုပ်တယ်။ ပထမနှစ်စင်းကူညီမယ်ပြောတယ်။ ကျွန်တော်တို့ကအရန်ထားဖို့ပါတောင်းတော့ ကျွန်တော်တို့အတွက် သုံးစင်းပေးမယ်လို့ ဆုံးဖြတ်တယ်။ ပေးတာလည်း Grant နဲ့ပေးတာဆိုတော့ ပြန်ပေးစရာမလိုဘူး။ လှူတဲ့သဘောပေါ့။ သူတို့နိုင်ငံမှာပဲ သင်္ဘောတွေကိုတည်ဆောက်ပေးမယ်။ တည်ဆောက်ပေးပြီးရင် ရန်ကုန်ရောက်အောင်ပို့ဆောင်ပေးမယ်။ အဲဒီအထိ တာဝန်ယူတာပေါ့။ အဲဒီတော့ တည်ဆောက်ရေးလုပ်ငန်းဆွေးနွေးတာ၊ ဒီဇိုင်းဆာဗေးလုပ်တာတွေနဲ့ အတည်ပြုတာတွေဆိုတော့ နှစ်နှစ်နီးပါးအချိန်ယူခဲ့ရတယ်။လက်မှတ်ထိုးတာကတော့၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်မှာ စတင်တည်ဆောက်ဖို့လက်မှတ်ထိုးခဲ့တယ်။ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ လက်မှတ်ထိုးတာပါ။သူတို့က ဂျပန်နိုင်ငံမှာရှိတဲ့ ဘယ်သင်္ဘောကျင်းကတည်ဆောက်နိုင်မလဲဆိုတာ တင်ဒါခေါ်တယ်။ သင်္ဘောကျင်းလေးခုက တင်ဒါတင်တယ်။ အဲဒီထဲကမှ တင်ဒါအောင်တဲ့ ဟီရိုရှီးမားမြို့က နာကာတာနီသင်္ဘောကျင်းက တည်ဆောက်ခွင့်ရခဲ့ပါတယ်။ တည်ဆောက်ပြီးတော့ ကျွန်တော်တို့ကိုခေါ်ပြပါတယ်။

**မေး။ ။ ဟုတ်ကဲ့ ဂျပန်နိုင်ငံကနေ သယ်လာမယ့်ရက်နဲ့ ဘယ်လိုသယ်ဆောင်လာမလဲဆိုတာသိချင်ပါတယ်။**

ဖြေ။ ။ပထမတော့ ပင်လယ်ပြင်ကိုဖြတ်သန်းမောင်းနှင်မယ်ပေါ့။ ပင်လယ်ပြင်ကို ဖြတ်သန်းမောင်းနှင်ရင်



ဒီကိုလာဖို့ မိုင် ၄၀၀၀ ဖြတ်လာရမယ်။ ပင်လယ်ဖြတ်သန်းမောင်းနှင်နိုင်အောင် တည်ဆောက်ထားပေမယ့် ပြည်တွင်းရေကြောင်းမောင်းမှာဆိုတော့ မကောင်းဘူးပေါ့။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်မှာ ပြီးတော့ မောင်းလာရင် လှိုင်းကြီးတဲ့အချိန်လေ။ သူတို့မောင်းမယ်ပြောပေမယ့် ရာသီဥတုမငြိမ်မသက်ရှိတော့ ပင်လယ်ကိုမောင်းရင် မတော်တဆ အန္တရာယ်ရှိနိုင်တယ်။ နောက်ဆုံးသဘောတူညီချက်ကသင်္ဘောကြီးနဲ့ပဲသယ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကုန်ကျစရိတ်ကတော့ လေးဆလောက် ပိုသွားတာပေါ့။ ပို့ဆောင်ခတင် ဒေါ်လာ တစ်သန်းရှိတယ်။ JICA က ထပ်မံကျခံမှာပါ။ အောက်တိုဘာ ၁၀ ရက်မှာ သင်္ဘောကြီးပေါ်ကို ဟီရိုရှီးမား ဆိပ်ကမ်းကနေသယ်လာမယ်။ မောင်းလာတာက ရန်ကုန်ရောက်တဲ့အထိ ၁၀ ရက်လောက်တော့ကြာမယ်။ အောက်တိုဘာ ၂၀၊ ၂၁ ရက်လောက်မှာ ရန်ကုန်သီလဝါဆိပ်ကမ်းကို ရောက်လာမယ်။ ဒါကိုလက်ခံမယ်။ ဖွင့်ပွဲလုပ်မယ်။

**မေး။ ။ရေယာဉ်(Ferry) အရွယ်အစားနဲ့ လူဆံ့နိုင်တဲ့ ပမာဏက။**

ဖြေ။ ။ထိုင်ခုံနဲ့ကော ဒီအတိုင်းရပ်စီးတာတွေရောဆို ၁၂၀၀ လောက်ဆံ့တယ်။ မြင်းကောင်ရေ ၂၇၀ ရှိတဲ့အင်ဂျင်နှစ်လုံးတပ်ထားမယ်။ အလျားက ၄၁ ဒသမ ၃၅ မီတာရှိတယ်။ အနံက ၉ ဒသမ ၄ မီတာရှိတယ်။ အမြင့် ၂ ဒသမ ၆ မီတာရှိတယ်။ တည်ဆောက်တာက အရည်အသွေးက အစ ဂျပန်စံနှုန်းအတိုင်းပေါ့။ ပင်လယ်ပြင် ဖြတ်နိုင်လောက်တဲ့အနေအထားထိ ကြံ့ခိုင်မှုကောင်းပါတယ်။ သင်္ဘောတွေက Ferry အတွက်သီးသန့်လုပ်ထားတော့ အန္တရာယ်မရှိနိုင်ဘူး။ အကန့်အကန့်တွေ တော်ရုံရေမဝင်နိုင်ဘူး။ တစ်ကန့်လောက် ရေဝင်ရုံနဲ့ဘာမှမဖြစ်ဘူး။ လုံခြုံမှုရှိတာပေါ့။

**မေး။ ။ ဆရာ ရေယာဉ်သစ်တွေပြေးဆွဲမယ့်အစီအစဉ်နဲ့ ယခင် ရန်ကုန်-ဒလကောက်ခံတဲ့နှုန်း ၁၀၀ ကျပ်ထက်ပိုကောက်မှာလားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ဈေးနှုန်းပြောင်းမကောက်ပါဘူး။ သင်္ဘောသစ်ကြီးတွေဆွဲလို့တိုးမကောက်ပါဘူး။ အရင်တိုင်း ၁၀၀ ကျပ်ပါပဲ။ ပုံမှန်မနက် ၅ နာရီကို နှစ်စင်းတစ်ပြိုင်တည်း ဒလကနေစထွက်မယ်။ ဒလဘက်ကနေရန်ကုန်။ နောက် အခေါက်တွေကစပြီး နှစ်ခေါက်။ ည ၉ နာရီခွဲအထိ၊ ရန်ကုန်ရော ဒလရောပြိုင်တူထွက်မှာပေါ့။ မိနစ် ၂၀ တစ်ခေါက်ကနေ အတက်လမ်းသက်သက်၊ အဆင်းလမ်းသက်သက် လုပ်ထားတဲ့ ဗောတံတားတွေက အဆင်ပြေရင် မိနစ်၂၀ တောင် မကြာလောက်တော့ဘူးပေါ့။ ခရီးသည်စောင့်ဆိုင်းတာ သက်သာသွားမယ်။ သုံးစင်းနဲ့ တစ်စင်းကို ရေလယ်မှာအသင့်ထားစက်ဝိုင်းပုံဆွဲမလားလို့လည်း စဉ်းစားနေပါတယ်။

**မေး။ ။ သင်္ဘောသစ်တွေရောက်လာရင် ယခင်ပြေးဆွဲနေတဲ့ သင်္ဘောဟောင်းလေးစင်းကိုရော ဘယ်လိုအသုံးပြုမလဲ။**

ဖြေ။ ။သူတို့က အရံဖြစ်သွားပြီ။ ရန်ကုန်မြစ်ထဲမှာ ဘယ်နေရာဆွဲဖို့ သင့်တော်မလဲ စဉ်းစားရမှာပေါ့။ နှစ်မျိုးရှိပါတယ်။ တစ်မျိုးက ဒီနေရာမှာမဟုတ်ဘဲ အခြားနေရာမှာသုံးစွဲပြီးပြေးဆွဲမလား။ နောက်မြစ်အတွင်းမှာ အပျော်စီးရေယာဉ်လုပ်မလား။ အပျော်စီးအဖြစ်ပြုပြင်ပြီး သုံးမလားပေါ့။ ရပ်ထားရင် ပျက်စီးမှာလေ။

**မေး။ ။ သင်္ဘောသစ်တွေရောက်လာရင် ရှိလာနိုင်မယ့် အခက်အခဲက ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ဈေးသည်တွေရှိတော့ အမှိုက်၊ ကွမ်းစားပြီး ထောင့်နေရာတွေမှာထွေးချတာ၊ အိမ်သာမှာ တုတ်ချောင်းတွေထည့်တာ၊ အိမ်သာမှာအမှိုက်ပစ်တာ၊ ရေပိုက်ခေါင်းဖွင့်ထားခဲ့တာစတဲ့ အခက်အခဲတော့ရှိမယ်။ ရေယာဉ်သစ်ကြီးရောက်လာရင် ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ အမှိုက်ပုံးထဲမှာပဲအမှိုက်ပစ်ချပါ။ စည်းကမ်းတကျလေးလုပ်ပေးဖို့တော့တောင်းဆိုချင်ပါတယ်။ သင်္ဘောကအဖြူကြီးလေ။

**မေး။ ။ကျေးဇူးတင်ပါတယ်။ ဆရာပြောချင်တာများရှိမလား။**

ဖြေ။ ။ဂျပန်ကအကူအညီပေးတဲ့ Ferry သစ် သုံးစင်း၊ နောက်ဒလဘက်မှာခရီးသည်နားနေဆောင်နဲ့ two way jetty ရရှိတာအတိုင်းအဆမရှိ ဝမ်းသာတယ်။ ရန်ကုန်နဲ့မဝေးတဲ့ ဒလက ဖွံ့ဖြိုးမှုနောက်ကျတယ်။ ဒလမှာ အခုထိရုပ်ရှင်ရုံတောင်မရှိဘူး။ ခရီးသည်တွေကိုစိတ်ချယုံကြည်ရတဲ့ သင်္ဘောကောင်းနဲ့စီး၊ ပန်ကာထိုင်ခုံ၊ အိမ်သာနဲ့ သက်သောင့်သက်သာရှိတဲ့နားနေဆောင်နဲ့ဆိုတော့ စိတ်ချမ်းသာတာပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း ဒလသားပဲလေ။

ရန်ကုန်(ပန်းဆိုးတန်း)-ဒလရေယာဉ်(Ferry)သည် တစ်နေ့လျှင်ခရီးသည် သုံးသောင်းကို နေ့စဉ်ပို့ဆောင်နေရသည်။ ခရီးသည်များတွင် ဒလမြို့ပေါ်တင်မကဘဲ ဒလမြို့နှင့် ဆက်နွှယ်လျက်ရှိသည့် တွံတေး၊ ကော့မှူး၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်း စတဲ့ဒေသတွေကပါ ဒလမှ နေ၍ ရန်ကုန်မြို့လယ်သို့ ရေယာဉ် (Ferry) ဖြင့် ခရီးဆက်လျက်ရှိသည်။ လာမည့်နိုဝင်ဘာလ၏ နောက်ဆုံးပတ်တွင်မူ ခရီးသည်တွေကို စိတ်ချယုံကြည်ရသည့် သင်္ဘောကောင်းနှင့်စီး၊ ပန်ကာထိုင်ခုံ၊ အိမ်သာနှင့် သက်သောင့်သက်သာရှိသည့် နားနေဆောင်များဖြင့် ပျော်ရွှင်စွာခရီးဆက်နိုင်ပေတော့မည်။ ရန်ကုန်ဘက်ခြမ်းတွင်လည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မြန်မာ့ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားသည့် ခရီးသည်နားနေဆောင်၊ ဆိပ်ခံဖောတံတားသစ်များ မကြာခင်တည်ဆောက်သွားမည်ဟု သိရပါသည်။ ။

# ရိုးရာနဂါးလှေလှော်ပွဲတော် နှစ်စဉ်ကျင်းပမြဲအတိုင်းကျင်းပမည်

**တနင်္သာရီ အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်သည် သမိုင်းဝင်မြို့တစ်မြို့ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ အမည်ကိုယ်စားပြု မြို့ဖြစ်သည့်အလျောက် မှီတင်းနေထိုင်ကြသူများမှာလည်း ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးလေးစားတန်ဖိုးထားတတ်သည့် ဓလေ့ရှိကြသည်။

ထိုသို့ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုး၍ တန်ဖိုးထားတတ်ရန်အတွက် သက်တော်(၉၅)နှစ်၊ ဝါတော် (၇၅)ဝါ ရှိသော မြို့နယ်သံဃနာယကအဖွဲ့ ဦးစီးပဓာနနာယကချောင်းကြီးကျောင်းတိုက် ဆရာတော်သည်နဂါးလှေထွင်းလုပ်ရာတွင် ခက်ခဲစွာရှာဖွေရသည့် သစ်လုံးကို ကိုယ်တိုင်လိုက်ပါ လမ်းညွှန်မှု ပြုပေးခဲ့သည်။ နဂါးလှေလှော်ပွဲတော်ကို သီတင်းကျွတ် လပြည့်ကျော် ၄ ရက်ရောက်တိုင်း စုပေါင်းမဟာ ဘုံကထိန်နှင့်အတူ နှစ်စဉ်ကျင်းပခဲ့သည်မှာ(၅၂)ကြိမ် ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ် (၅၃)ကြိမ်မြောက်မဟာဘုံကထိန်နှင့် အတူ ရိုးရာမပျက်နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နဂါးလှေလှော်ခတ်ပွဲတော်ကို ၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်(၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၂) တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် ရွှေနန်းသာရီ၊ ငွေနန်းသာရီ၊ မြကြီးအောင်၊ ရန်ကြီးအောင်၊ ပတ္တမြားသွယ်၊ စိန်ပန်းသွယ် အမည်ရှိ နဂါးလှေတော် ခြောက်စင်းဖြင့် ချောင်းကြီးမြစ်နှင့် ချောင်းငယ်မြစ် မြစ်နှစ်သွယ်အတွင်း ဇောရစ်ကျူးရင်းစည်ကာလ တက်ကြွစွာဖြင့် လှော်ခတ်ပြသမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ဆရာတော်နှင့် သံဃာတော်များအား နဂါးလှေတော်ခြောက်စင်းမှ လှေတော်သား ၂၃၀ ခန့်တို့က ဖွဲ့စည်းပုံအတိုင်း လှေတော်ကိုလှော်ခတ်ရင်း ညီညာစွာဦးခိုက်ရန် ယာယီမဏ္ဍပ်ဖြင့် မြို့အဝင် ဆိပ်ခံတံတား၌ ကျင်းပရေး ရည်ရွယ်ထားရှိကြောင်း သိရသည်။

ယင်းနဂါးလှေလှော်ခတ်ပွဲသည် ယခင်နှစ်များက တစ်စင်းလျှင် ၄၄ ဦး လှော်ခတ်နိုင်သည့် နဂါးလှေလေးစင်းနှင့် ၁၄ ဦးသာ လှော်ခတ်နိုင်သည့် ရွှေနန်းသာရီနဂါးလှေတစ်စင်း စုစုပေါင်းငါးစင်းဖြင့် ဦးခိုက်လှော်ခတ်ခဲ့ကြသည်။ ယခုနှစ်တွင် ယခင်နဂါးလှေငါးစင်းအပြင် လှေတော်သား ၄၂ ဦး လှော်ခတ်နိုင်သည့် ငွေနန်းသာရီ နဂါးလှေတော်အသစ်တစ်စင်း ပါဝင်လှော်ခတ်မည်ဖြစ်သဖြင့် ရိုးရာနဂါးလှေကို ချစ်မြတ်နိုး၍ လေ့လာလိုသူများ ကြိုတင်သိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။

**(နန်းသာရီ-ထိန်ဝင်း)**

**■ပျက်စီးသွားသောမှ**

အဆိုပါတံတားသည် အရှည်ပေ ၁၃၀၊ အကျယ် ၁၂ ပေ ဘေလီသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ယင်းတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွင်းအင်ဂျင်နီယာ ဦးနိုင်ဝင်းထွန်း ဦးဆောင်သော တံတားတည်ဆောက်ရေး အထူးစီမံကိန်းကြီးအဖွဲ့(၄)က ပြီးခဲ့သည့် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၅ ရက်အတွင်း ပြည်သူများသွားလာရေးအဆင်ပြေစေရန် တစ်ပတ်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းရေးရာ

# (၁၂၆) ကြိမ်မြောက် ကျောက်တော်ကြီးဘုရားပွဲတော်ကျင်းပ ဒေသအစားအစာဆိုင်များ၊ ၁၂ ပွဲဈေးသည်များ၊ ဇာတ်ပွဲများဖြင့်စည်ကား

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ စန္ဒာမုနိ၊ မဟာလောကမာရဇိန် ကျောက်တော်ကြီးဟု လူသိများသော ဘုရားသုံးဆူတို့၏ (၁၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို အောက်တိုဘာ ၆ ရက်မှ ၁၅ ရက်ထိကျင်းပမည် ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နံနက်တွင် စန္ဒာမုနိဘုရားကြီးတွင် သံဃာတော် ၁၂၅ ပါးတို့အား လည်းကောင်း၊ လပြည့်ကျော် ၂ ရက် နံနက်တွင် မဟာလောကမာရဇိန် ကုသိုလ်ဘုရားတွင် သံဃာတော် ၁၂၅ ပါးတို့အားလည်းကောင်း၊ လပြည့်ကျော် ၃ ရက် နံနက်တွင် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားတွင် သံဃာတော် ၆၃၇ ပါးအား လည်းကောင်း ဆွမ်းသပိတ်များ လောင်းလှူသွားမည်ဖြစ်သည်။ ဘုရားအလိုက် ပွဲတော်ရက်များတွင် ဆွမ်းတော်ကြီးကပ်လှူပြီးမှသာ သံဃာတော်များအား ဆွမ်းလောင်းလှူမည် ဖြစ်သည်။

ကျောက်တော်ကြီးဘုရားတွင် ရွှေထီးတော်အား (၁၀)နှစ်တစ်ကြိမ် ရွှေချပူဇော်လေ့ရှိရာ ၁၃၇၆ ခုနှစ်သည် (၁၀)နှစ်ပြည့် ဖြစ်ခြင်းကြောင့် ပွဲတော်အကြို စက်တင်ဘာ ၃၀ ရက်က ရွှေထီးတော်နှင့် ထုပိကာကြီးများ ရွှေချပူဇော်ပြီး စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ခဲ့သည်။

မန္တလေးမြို့ ကျောက်တော်ကြီးဘုရားပွဲတော်သို့ မန္တလေး၊ စစ်ကိုင်း၊ မတ္တရာဒေသများမှ မြန်မာ့ရိုးရာ စားစရာ ကရေကရာ၊ မုန့်ကျွဲသည်း၊ စလူမုန့်ဆိုင်များ၊ တောင်သူလယ်သမားသုံး သံထည်၊ ကြေးထည်ဆိုင်များ၊ ပန်းတနော်နှင့် မုံရွာဒေသထွက် သင်ဖြူးဖျာအရောင်းဆိုင်များ၊ ၁၂ ပွဲဈေးသည်များ၊ ချား၊ ရဟတ်များ၊ ဒို့အာကာဇာတ် ကြည့်ချင်ပွဲများ၊ စန္ဒာမုနိဘုရားအရှေ့ဘက်တွင် မန္တလေးဖိုးချစ်ဇာတ်သဘင်၊ အနောက်ဘက်တွင် ဒို့ရွှေဇာတ်သဘင်အဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်ရာ ညပိုင်းတွင် တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

❑





# သုံးခွမြို့နယ် ကျောင်းစုပတုပ်ကျေးရွာတွင် ကျေးလက်အိမ်သာတည်ဆောက်

**သုံးခွ အောက်တိုဘာ ၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပတုပ်ကျေးရွာအုပ်စု ကျောင်းစုပတုပ်ကျေးရွာ၌ (Petro Seven) ကုမ္ပဏီမှ ဩဂုတ် ၂၇ ရက်က စတင်တာဝန်ယူတည်ဆောက်ခဲ့သော အများသုံး ငါးခန်းတွဲ ကျေးလက်အိမ်သာ(သန့်စင်ခန်း)မှာ ပြီးစီးပြီဖြစ်၍ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် ရုံးအဖွဲ့တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

**သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ပထမအကြိမ် သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၆ ရက်က သီတာရေမြောင်းလမ်းမကြီး၌ စည်ကား သိုက်မြိုက်စွာ ကျင်းပစဉ်။**

သန်းဝင်း(သန်လျင်)


MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar Tel: +95-1- 2301772, 2301773

ပထမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပရန် အစုရှယ်ယာရှင် မှတ်ပုံတင်စာရင်း (Members of Register) အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ( ၇ )ရက်

၁။ မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) အနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၇၆ (၁)အရ ကုမ္ပဏီ၏ ပထမအကြိမ်နှစ်ပတ်လည်အထွေထွေ အစည်းအဝေး [1st Annual General Meeting (AGM)] ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၃)ရက် (စနေနေ့)တွင် သုဝဏ္ဏအမျိုးသားကစားကွင်းပွဲရုံ(၁)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ထို့သို့ ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ရန် အချိန်မီဖိတ်ကြားနိုင်ရေးနှင့် ဒါရိုက်တာရွေးချယ်ပွဲ၌ အစုရှယ်ယာရှင်များက မဲပေးရွေးချယ်အတည်ပြုနိုင်ရန် လိုအပ်သည့်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၃၁(၁)အရ တရားဝင်ပြုစုထားရှိသည့် အစုရှယ်ယာရှင် မှတ်ပုံတင်စာရင်း (Members of Register)တွင် အစုရှယ်ယာလွှဲပြောင်းခြင်းအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့မှ နိုဝင်ဘာလ(၂)ရက်နေ့အထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် အစုရှယ်ယာလွှဲပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်နိုင်ရန် အစုရှယ်ယာမှတ်ပုံတင်စာရင်း (Members of Register)ကို ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်

ပြည်တွင်းရေးရာ

# တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲ ပထမတံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရှင်စောပုလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ရုံး၌ ကျင်းပသည်။

အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံး အသင်းအား တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစား ကွင်းမှ ရှင်စောပုလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ရေးရာအဖွဲ့ရုံးသို့ ထွက်ခွာရာ လမ်းတစ်လျှောက်ရှိ ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအောင်နိုင်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ ဥက္ကဌ ဒေါ်ခင်အေးနွယ်နှင့် အောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားသမားများက အိုးစည်ဗုံမောင်းများ၊ ဂုဏ်ပြုပန်းစည်းများ၊ ပန်းကုံးများဖြင့်ကြိုဆို၍ နေ့လယ်စာဖြင့် ဂုဏ်ပြုဧည့်ခံခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းသည် ပထမတံခွန်စိုက်ဒိုင်းဆုအပြင် ရှေ့တန်းအကောင်းဆုံး အားကစားသမားဆုကို ကျောနံပါတ်(၁၀) မခိုင်မာဦးကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို ကျောနံပါတ်(၆) မဇင်မာထွန်းက လည်းကောင်း ရရှိခဲ့သည်။

၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီး ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ အောက်တိုဘာ ၄ ရက်အထိ မန္တလေးတိုင်းဒေသကြီးတွင် ကျင်းပခဲ့ပြီး ပထမတံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းဒေသကြီးကလည်းကောင်း၊ ဒုတိယဆုကို မန္တလေးတိုင်းဒေသကြီးကလည်းကောင်း၊ တတိယဆုကို ဧရာဝတီတိုင်းဒေသကြီးကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**

# အာရှယူ-၁၉ ပြိုင်ပွဲဝင် မြန်မာယူ-၁၉ အသင်း၏အနေအထား

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲကို မကြာမီကျင်းပတော့မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းအနေဖြင့် ယခုပြိုင်ပွဲမှ ကမ္ဘာ့ဖလားဖီဖာယူ-၂၀ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည့် အခွင့်အရေးရှိနေရာ ကိုယ်ကွင်း၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် အကောင်အထည်ဖော်ရန်သာကျန်ရှိတော့သည်။

မြန်မာယူ-၁၉ အသင်းဟု ဆိုသည်နှင့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့်အဖြစ်ကို မြန်မာဘောလုံး ပရိသတ်များအမှတ်ရနေဆဲဖြစ်သည်။ ကာလအတန်ကြာနိုင်ငံတကာပြိုင်ပွဲများ၌ မြန်မာဘောလုံးအသင်းများ အောင်မြင်မှုနှင့်ဝေးကွာနေမှုကို မြန်မာယူ-၁၉ အသင်းက အဆုံးသတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲအပြီး ဆက်လက်ယှဉ်ပြိုင်သည့် အာဆီယံယူ-၁၉ ပြိုင်ပွဲတွင် မြန်မာယူ-၁၉အသင်းမှာ အောင်မြင်မှုမရရှိခဲ့ဘဲ စတုတ္ထနေရာသာရရှိခဲ့သည်။ ယခုဖွဲ့စည်းထားသော ကစားသမားအများစုမှာ ဂျာမန်လူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်နှင့် ကာလရှည်လက်တွဲလာသူများဖြစ်ပြီး ယခုအာရှယူ-၁၉ ပြိုင်ပွဲအတွက် ဧပြီလကတည်းက စတင်လေ့ကျင့်ခဲ့သည်။



မြန်မာယူ-၁၉ အသင်း၏ လေ့ကျင့်ပြင်ဆင်ခဲ့မှုများကိုကြည့်လျှင် စတင်လေ့ကျင့်ပြီး ၁၀ ရက်အကြာမှာပင် ဂျပန် ယူ-၁၉ အသင်းနှင့် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မေလဆန်းပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်၍ အင်ဒိုနီးရှားယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ တစ်ပွဲနိုင် တစ်ပွဲသရေကျခဲ့သည်။ မြန်မာယူ-၁၉အသင်းအတွက် အထိရောက်ဆုံးပြင်ဆင်မှုအဖြစ် ဇူလိုင်လတွင် ဂျာမနီနိုင်ငံနှင့် ဆလိုဗက်ကီးယားနိုင်ငံများသို့ ရက် ၂၀ ကျော်ကြာ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲများယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းကဲ့သို့ သွားရောက်လေ့ကျင့်အပြီးတွင် မြန်မာအသင်း၏ကစားပုံ၊ တစ်ဦးချင်းကစားဟန်များပါ သိသိသာသာတိုးတက်လာခဲ့သည်။

မြန်မာယူ-၁၉ အသင်းမှာ ယခုပြိုင်ပွဲတွင် အုပ်စု(က)၌ အီရန်၊ ထိုင်း၊ ယီမင်အသင်းတို့နှင့်အတူ ပါဝင်နေသည်။ မြန်မာအသင်းမှာ ယီမင်အသင်းနှင့် ပွဲဦးထွက်ကစားရမည်ဖြစ်ပြီး ယင်းပွဲတွင်အမှတ်ပြည့်ရရန် လိုအပ်နေသည်။ မြန်မာအသင်းမှာ ဒုတိယပွဲတွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်ပြီး ထိုင်းအသင်းနှင့် တွေ့ဆုံခဲ့သည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် မြန်မာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အာဆီယံယူ-၁၉ ပြိုင်ပွဲ အဖွင့်ပွဲတွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။ သို့သော် ယင်းပြိုင်ပွဲ တတိယနေရာလုပွဲ၌ မြန်မာ အသင်းမှာ ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ပြန်လည် အရှုံးပေးခဲ့ရသည်။ မြန်မာအသင်းမှာ အုပ်စုနောက်ဆုံးပွဲတွင် အီရန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းမှာ အိမ်ရှင်အဖြစ်လက်ခံကစားရမည်ဖြစ်သော်လည်း အာရှအဆင့်ပြိုင်ပွဲဖြစ်သောကြောင့် ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် တက်ကုန်ရွက်စုံဖွင့်ရမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# ဝိုင်စီဒီစီဖလား ဂေါက်သီးရိုက်ပြိုင်ပွဲနောက်ဆုံးနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကကြီးမှူး၍ Max Energy Company Ltd. က အဓိကကူညီပံ့ပိုးပေးသော YCDC Cup Championship 2014 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးနေ့(၁၈)ကျင်းပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင်နှင့် မြန်မာပီဂျီအေဒုတိယဥက္ကဌ ဦးကိုကိုလေးတို့က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၅) ဦးစိုးစည်က အပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် တတိယရရှိသော မောင်မောင်ဦး၊ စုစုပေါင်း ရိုက်ချက် ၂၁၅ ချက်ဖြင့် ဒုတိယရရှိသော ရဲထက်အောင်၊ စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် ပထမရရှိသော ကျော်သက်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက Professional အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၁၀ ဖြင့် တတိယရရှိသော စိုးကျော်နိုင်(HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၀၄ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ်(HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် ၂၀၃ ချက်ဖြင့် ပထမရရှိသောသိန်းဇော်မြင့်(Mizuno)တို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး မက်(စ်)ကုမ္ပဏီများအုပ်စု မန်နေဂျင်း ဒါရိုက်တာ ဦးမိုးအောင်ချောက ပထမဆုရရှိသွားသော သိန်းဇော်မြင့် (Mizuno)အား ဆုကြေးငွေချက် လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။ **(ဖိုးသော်ဇင်)**



## မန္တလေးတွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်တပ်ဖွဲ့စု (၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ် (၇၈×၇၉)လမ်းကြား (၃၈) လမ်းမပေါ်၌ စက်တင်ဘာ ၃၀ ရက်က မျိုးခိုင်(ခ)မျိုးညွန့် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက် (အလေးချိန် ၁၁ ဂရမ်)သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ ၎င်း၏နေအိမ်အားရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ နှင့် ဘိန်းဖြူဆပ်ပြာခွက်တစ်ခွက် (အလေးချိန် ၁၁ ဂရမ်) စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၀ ပြားနှင့် ဘိန်းဖြူဆပ်ပြာ ခွက်နှစ်ခွက်(အလေးချိန် ၂၂ ဂရမ်)တို့အား ထပ်မံသိမ်းဆည်းရမိသဖြင့် မျိုးခိုင်(ခ)မျိုးညွန့်(၄၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



မျိုးခိုင်(ခ)မျိုးညွန့်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

## မသင်္ကာသူအား စစ်ဆေးရာမှ ခိုးမှုပေါ်

**နေပြည်တော် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အောက်တိုဘာ ၄ ရက်က ဒေးဝန်းအရှေ့ရပ်ကွက် (၃၈×၃၉) လမ်းကြား ကျောက်ဝိုင်းဈေးအရှေ့ဘက် ဒူးကြားလမ်းတွင် လွယ်အိတ်တစ်လုံးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူတစ်ဦးအား သက်သေများနှင့်အတူ စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက်နေ ဇော်လင်း(၂၈)နှစ်အား ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ အလေးချိန် သုည ဒသမ ၅၁၅ ကီလိုဂရမ်ခန့်ရှိ ကျောက်စိမ်းတုံး တစ်တုံးနှင့် သုည ဒသမ ၃၅၀ ကီလိုဂရမ်ခန့်ရှိ ကျောက်စိမ်းတုံး တစ်တုံးတို့အား တွေ့ရပြီး ကျောက်ဝိုင်းဈေး အပြင်ဘက် လမ်းဘေးတွင် ရောင်းချသည့် ဆိုင်တစ်ဆိုင်မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်းသိရ၍ ၎င်းအား အမှတ်(၇) နယ်မြေရဲစခန်း (ပ) ၆၄၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်က စက်ဘီးအားဝင်တိုက်၊ စက်ဘီးစီးသူ သေဆုံး

**နေပြည်တော် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၂၁/၅-၆)ကြား၌ အောက်တိုဘာ ၃ ရက် ည ၁၁ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဗောဓိကုန်း အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ နေပြည်တော်သို့ မကွေးတိုင်းဒေသကြီး မင်းလှမြို့ ကံသာရပ်ကွက်နေ နေလင်းထွန်း (၃၁)နှစ် မောင်းနှင်လာသော ၈စ/. . . . ခရီးသည်တင် မှန်လုံယာဉ်သည် ရှေ့မှ စက်ဘီးစီးနင်းနေသည့် အုတ်တွင်းမြို့နယ် ညောင်လွင့်ကျေးရွာနေ ရဲမင်းလတ်(ခ) ပေါက်ချောင်း(၁၈)နှစ်အား တိုက်မိခဲ့ကြောင်း သိရသည်။ ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ စက်ဘီးစီးနင်းသူ ရဲမင်းလတ်(ခ) ပေါက်ချောင်းမှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ခြင်းကြောင့် နေလင်းထွန်းအား ဗောဓိကုန်းအမြန်လမ်းရဲစခန်း ယာဉ်(ပ)၃၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄(က) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ဖားကန့်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**

မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မလန်းရွာအထွက် ဆိုင်းတောင်-လုံးခင်းသွားလမ်းမပေါ်တွင် အောက်တိုဘာ ၁ ရက်က လုံးခင်းကျေးရွာဘက်မှ ဆိုင်ကယ်စီးလာသူ ခါးလီအား ရှာဖွေရာ ဆိုင်ကယ်ရှေ့ဖုံးအတွင်း ပလတ်စတစ်ဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် အဝတ်ဘိန်း ၁၃၅ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ လုံးခင်းကျေးရွာအုပ်စု အောင်ရာကျေးရွာနေ မာတူး(ခ)တူးအောင်၏ နေအိမ်အားရှာဖွေရာ ၎င်းအား မတွေ့ရဘဲ ဆန်ခမ်းနှင့်ဟောင်းဇော်င်းတို့ နှစ်ဦးသာ တွေ့ရှိရပြီး မီးဖိုချောင်တွင် ရပ်ထားသည့် ဆိုင်ကယ်ထိုင်ခုံ ကူရှင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ခါးလီ(၂၈)နှစ်၊ ဆန်ခမ်း (၁၉)နှစ်၊ ဟောင်းဇော်င်း (၂၂)နှစ်နှင့် မာတူး(ခ)တူးအောင်(ဖမ်းမမိသေး) (၂၆)နှစ်တို့ လေးဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



ခါးလီ၊ ဆန်ခမ်းနှင့် ဟောင်းဇော်င်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကျောက်မဲ၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၆**

ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ်၊ မန်ကောင်းမူကျေးရွာနေ မရွှေမီး၏ နေအိမ်အား စက်တင်ဘာ ၂၈ ရက်က ရှာဖွေရာ ဘိန်းဖြူ ၆ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၁ ပြား သိမ်းဆည်းရမိသဖြင့် မရွှေမီး(၄၁)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**


















# သမင်ခြံ စံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ထရန်စဖော်မာတည်ဆောက်

**ကနီ၊ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ သမင်ခြံစံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ၂၄ နာရီလျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်လျက်ရှိရာ ၃၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာ၏ ရွာလယ်လမ်းမတွင် ကွန်ကရစ်တိုင် ၂၂ တိုင် စိုက်ထူထားကာ ယင်းတိုင်များတွင် လျှပ်စစ်ဓာတ်အားကြိုးများ သွယ်တန်းထားပြီးဖြစ်သည်။

ကွန်ကရစ်တိုင်များကို ကျေးရွာအတွင်း စုစုပေါင်းတိုင် ၇၀ ကျော် စိုက်ထူသွားမည်ဖြစ်ကာ အဆိုပါဓာတ်တိုင်များတွင် မီးကြိုးများ သွယ်တန်းပြီးစီးပါက အိမ်ထောင်စု ၅၀၀နှင့် လူဦးရေ ၂၆၀၇ ဦးကျော်ရှိသည့် သမင်ခြံစံပြကျေးရွာတစ်ရွာလုံး ကိုယ်အားကိုယ်ကိုး ၂၄ နာရီ မီးလင်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာအနေဖြင့် ကနီမြို့ကို ၂၄ နာရီမီးရရှိချိန်တွင် မီးလင်းရေးကော်မတီဖွဲ့စည်းကာ ဇူလိုင်လတွင် ပထမအကြိမ် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းစီ စတင်စုဆောင်းပြီး စက်တင်ဘာလတွင် ဒုတိယအကြိမ် ကျပ်တစ်သိန်းထပ်မံ ကောက်ယူခဲ့ကြောင်း သိရသည်။

"အခုလို ကျပ် ၅၈ သိန်းခွဲတန်ဖိုးရှိတဲ့ ၂၀၀ KV ထရန်စဖော်မာကို ဝယ်ယူတည်ဆောက်ခြင်းဖြစ်ပါတယ်။ အခု မီးလင်းရေးလုပ်ငန်းမှာ စုစုပေါင်းငွေကျပ် သိန်းပေါင်း ၃၇၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်က ပြောကြားသည်။

"ကျွန်တော်တို့ကျေးရွာကတော့ ၂၄ နာရီ လျှပ်စစ်မီးကို အလွန်လိုချင်နေကြပါတယ်။ မီးရရှိရေးအတွက် ဆယ်အိမ်ခေါင်းတွေက ဓာတ်တိုင်စိုက်ထူဖို့ ခွဲဝေပြီး ကျင်းများတူးကြပါတယ်။ မီးရရှိရင် အခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမှာ ဖြစ်ပါတယ်။ အဲ့ဒီအတွက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်ဖို့ ငွေအားလူအားပါ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြမှာဖြစ်ပါတယ်" ဟု ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးအောင်ကြည်က ပြောသည်။

**သန်းငွေအောင်(ကနီ)**

# မြင်းခြံမြို့ရှိ ဘိုချိုစာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်များလှူဒါန်း

**မြင်းခြံ၊ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ရှိ ဘိုချိုကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ ၊ ရသ စာအုပ်များ လှူဒါန်းခဲ့ကြောင်းသည်။

မြင်းခြံမြို့ အမှတ် (၆) ရပ်ကွက်ရှိ ကိုယ်အားကိုယ်ကိုး ဘိုချိုစာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်စာစောင်များကို ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်နှင်းရည်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင် ဒေါက်တာတင်လှိုင်က လက်ခံရယူခဲ့သည်။

ထို့နောက် စာကြည့်တိုက် မှတ်ပုံတင်ကင်းလွတ်ခွင့်လက်မှတ်ကို မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးဇော်မင်းက ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဝင် ဒေါက်တာတင်လှိုင်က လက်ခံရယူခဲ့သည်။

ထိုသို့ စာအုပ်စာစောင်များနှင့် စာကြည့်တိုက်မှတ်ပုံတင်ကင်းလွတ်ခွင့်လက်မှတ်များ ပေးအပ်သည့်အတွက် စာကြည့်တိုက်ကော်မတီဝင် ဒေါက်တာတင်လှိုင်က ကျေးဇူးတင်စကားပြောကြားပြီး၊ ဦးစီးအရာရှိ ဒေါ်နှင်းရည်ကလည်း စာကြည့်တိုက်ရှင်သန်ရေး၊ စာဖတ်သူတိုးပွားရေး၊ စာအုပ်များစနစ်တကျထိန်းသိမ်းရေးစသည်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရှိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ထောက်ပံ့သောပစ္စည်းများ ပေးအပ်ပွဲ ဝန်းသိုမြို့၌ ကျင်းပ

**ကသာ၊ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ထောက်ပံ့သော အပေါ့စားမီးသတ်စက်၊ ရေစုပ်စက်၊ Sky Net နှင့် TV တို့ ပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က ဝန်းသိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေါင်းမြူးခန်းမ၌ ကျင်းပခဲ့သည်။

စိုက်ပျိုးရေးအခက်အခဲမရှိစေရန်နှင့် လယ်ယာကဏ္ဍ အထောက်အကူဖြစ်စေရန် လယ်ယာသုံးစက်ကိရိယာ ရေစုပ်စက်များကို လက်ပံကြီးတော၊ ကျောက်ပေါက်ခုံ၊ တောင်ဘို့လှ၊ မယ်ဇလီ၊ မန်ကျည်းကုန်းကျေးရွာတို့အားလည်းကောင်း၊ ကျေးလက်ပြည်သူများ အသိပညာတိုးပွားစေရန် Sky Net နှစ်စုံအား သင်တောကျေးရွာ အလင်းစေတမန် စာကြည့်တိုက်နှင့် ကင်းမြင်သာကျေးရွာ နေလစာကြည့်တိုက်အတွက်လည်းကောင်း၊ 32" SAMSUNG TV နှစ်လုံးအား ပေကုန်းကျေးရွာ ဒေါင်းမြူးစာကြည့်တိုက်နှင့် အောင်ချမ်းသာကျေးရွာ စွယ်တော်ရိပ် စာကြည့်တိုက်အတွက်လည်းကောင်း၊ အပေါ့စားမီးသတ်စက်နှစ်လုံးကို အောင်းပင်ကျေးရွာနှင့် တင်းဝါးချောင်းကျေးရွာတို့အား တာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အနာဂတ်ပန်းဥယျာဉ်ကလေးပန်းချီပြပွဲ မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် သီရိအနုပညာပြခန်းတွင် ခင်းကျင်းပြသ

**မန္တလေး၊ အောက်တိုဘာ ၆**

သားသားမီးမီးတို့၏ မနက်ဖြန်တိုင်းမှာ ပွင့်လန်းလာမည့် ရောင်စုံအိပ်မက်များအား အရောင်အသွေးစုံလင်စွာ ခြယ်မှုန်းထားသည့် အနာဂတ်ပန်းဥယျာဉ် ကလေးပန်းချီပြပွဲကို စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း မင်္ဂလာမန္တလေးအိမ်ရာ အနုပညာလမ်း အခန်းအမှတ် (၁၇) ရှိ သီရိအနုပညာပြခန်းမတွင် ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများ၊ ပန်းချီအနုပညာကို စိတ်ဝင်စားသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

အနာဂတ်ပန်းဥယျာဉ် ကလေးပန်းချီပြပွဲတွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ မူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ လက်ရာရေဆေးပန်းချီ၊ ခဲပန်းချီကား ၁၀၀ ကျော် ခင်းကျင်းပြသထားသည်။ အာဆီယံကလေးပန်းချီပြိုင်ပွဲ၊ အိန္ဒိယနိုင်ငံ ရှန်ကာကလေးပန်းချီပြိုင်ပွဲ၊ ဂျပန်နိုင်ငံ အိုဆာကာ ကလေးပန်းချီပြိုင်ပွဲ၊ ကိုရီးယားသမ္မတနိုင်ငံ ကလေးပန်းချီပြိုင်ပွဲဝင် လက်ရာများနှင့် ဆုရပန်းချီကားများလည်း ပါဝင်သည်။

မန္တလေးမြို့တွင် ကလေးများရေးဆွဲသော ပန်းချီကားများ စုစည်းပြသမှုမှာ ပထမဆုံးဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ်တွင် ဗီယက်နမ်စပါးမျိုး စံကွက်ရိတ်သိမ်းခြင်းနှင့် စပါးရိတ်သိမ်းခြင်း သရုပ်ပြ

**မြန်အောင်၊ အောက်တိုဘာ ၆**

ဟသ်ာတခရိုင်၊ မြန်အောင်မြို့နယ်တွင် မိုးစပါးစတင်ရိတ်သိမ်းနေပြီဖြစ်ရာ အောက်တိုဘာ ၄ ရက်က ထူကျေးရွာအုပ်စု ကွင်းအမှတ် (၄၄၃)၊ ဦးပိုင်အမှတ်(၅၀) တောင်သူဦးသန်းဇော်လင်း၏လယ်တွင် စိုက်ပျိုးထားသော ရက် ၁၀၀ သက်တမ်းရှိဗီယက်နမ်စပါးမျိုးကို မြို့နယ်စိုက်တိုးမြှင့်အဖွဲ့မှ ကြီးကြပ်၍ စံကွက်ရိတ်သိမ်းခဲ့ကြောင်းသိရသည်။

ထိုသို့ စိုက်ပျိုးထားသောရက် ၁၀၀ သက်တမ်းရှိ ဗီယက်နမ်စပါးမျိုးကိုမြို့နယ်စိုက်တိုးမြှင့်အဖွဲ့မှ ကြီးကြပ်၍ စံကွက်ရိတ်သိမ်းခဲ့ရာ စပါးအခြောက် တင်း ၁၁၃ ဒသမ ၄၈ တင်းထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းခြင်းနှင့် စပါးရိတ်သိမ်းခြင်း သရုပ်ပြပွဲသို့ ကျေးရွာအုပ်စုအတွင်းရှိ လယ်သမားများ လာရောက်လေ့လာကြပြီး ရက် ၁၀၀ သက်တမ်းရှိ ဗီယက်နမ်စပါးမျိုးသည် စိုက်ပျိုးရက်သက်တမ်းတိုပြီး စပါးအထွက်နှုန်း ကောင်းမွန်သောကြောင့် တောင်သူများ နှစ်သက်ကြကြောင်း သိရသည်။

**ဝင်းမိုလ်**







## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ ဒသမတန်း $(A_1)$မှ မယိမ်းဟွမ်လိန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းသန်း [၁၂/မဂဒ(နိုင်)၀၀၀၅၄၇] ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ)-အလက(၄)၊ ဒသမတန်း$(B_1)$တွင် ပညာသင်ကြားနေသော မမဂေါင်ဆင်းဘူ၏ မိဘအမည်မှန်မှာ ဦးအမ်နော်ဒိန်းနှင့် ဒေါ်အင်ဒွပ်ဂျာနန်ဖြစ်ပါသည်။




## အိမ်ငှားလိုသည်

လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာအနီး (ISM)ကျောင်းအနီး လုံးချင်း ငှားလိုသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၄၇၄၄၉
၀၉-၄၃၀၇၀၀၃၀




## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ရွှေရာပြည့်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ ဒသမတန်း $(S_1)$မှ မောင်ဒါဝိ၏အမည်မှန်မှာ မောင်ဒါဝိတ်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဟောင်းခေါ် [၉/မကန(နိုင်)၀၁၅၃၇၇] ဖြစ်ပါသည်။



# မလှိုင်မြို့နယ်၌ ကျေးလက်ဒေသ မီးလင်းရေးအတွက် ကျပ်ဆည်ကျေးရွာတွင် ဓာတ်အားခွဲရုံအသစ် တည်ဆောက်လျက်ရှိ

**မလှိုင်၊ အောက်တိုဘာ ၆**

နိုင်ငံတော်အစိုးရသည် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ရှစ်ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ မီးလင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကျပ်ဆည်ကျေးရွာ၌ ဓာတ်အားခွဲရုံအသစ်တစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဓာတ်အားခွဲရုံအသစ် တည်ဆောက်နေမှုနှင့်ပတ်သက်၍ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်စိုးဝင်းက "ကျပ်ဆည်ကျေးရွာက မလှိုင်မြို့နဲ့ ခုနစ်မိုင် ကွာဝေးပါတယ်။ ရွာအရောက် ၃၃ ကေဗွီ ဓာတ်အားလိုင်းဆွဲမှာပါ။ ပြီးရင် ၃၃/၁၁ ကေဗွီ၊ ၃ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံး ခွဲရုံအသစ်မှာ တပ်ဆင်ပေးသွားမှာပါ။ ဓာတ်အားခွဲရုံမှာ ၁၁ ကေဗွီလိုင်း၊ ထရန်စဖော်မာနဲ့ ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်းကိုတော့ ကိုယ်ထူကိုယ်ထ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက ကျပ်ဆည်ကျေးရွာအုပ်စု၊ ဆည်တိုကျေးရွာအုပ်စု၊ ကျောက်တန်းကျေးရွာအုပ်စုနှင့် ကံတွင်းကျေးရွာအုပ်စုအပါအဝင် ကျေးရွာပေါင်း ၅၂ ရွာကို လျှပ်စစ်မီးပေးနိုင်မည် ဖြစ်သည်။

ဓာတ်အားခွဲရုံအသစ် တည်ဆောက်ခြင်းကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၆၀၉ သန်းအကုန်ကျခံ တည်ဆောက်သွားမည်ဖြစ်ကာ တည်ဆောက်ရေးလုပ်ငန်းကို စက်တင်ဘာလက စတင်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မလှိုင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နှင့် ၄ မိုင်အကွာ သိမ်ကုန်း၊ လယ်ကြီး၊ ကုန်းတဲကျေးရွာထိပ် အရောက် ၁၁ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းပေးပြီး ထရန်စဖော်မာနှင့် ကျေးရွာအတွင်း ၄၀၀ ဗို့အားလိုင်း ကျေးလက်မီးလင်းရေး အစီအစဉ်ကို ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဗွေး(မလှိုင်)**

## တွံတေးတွင် အဘိဓမ္မာအခါတော်နေ့ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**တွံတေး၊ အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၏ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆကေသဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အောက်တိုဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် တွံတေးမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တွံတေးမြို့ပေါ်ရှိ ကျောင်းပေါင်း ၇၇ ကျောင်းမှ သံဃာတော်အပါး ၉၀၀ ကျော်တို့အား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျေးရွာပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းပတ်လမ်းတစ်ပတ် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ ဒါနပြုကြမည်ဖြစ်ကြောင်း သိရသည်။

အခြားမည်သည့်ဒေသကမဆို အလှူရှင်များအနေဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဆိုပါက ဖုန်းနံပါတ် ၀၄၅-၅၀၀၃၂ ရွှေဆံတော်ဂေါပကရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## စာပေရေချမ်းစင်တွင် စာအုပ်အသစ်များ ချိတ်ဆွဲ

**ဘီးလင်း၊ အောက်တိုဘာ ၆**

သထုံခရိုင်၊ ဘီးလင်းမြို့နယ်၌ လူစည်ကားရာနေရာများတွင် ပြည်သူများအလွယ်တကူ စာပေဖတ်ရှုနိုင်စေရေးအတွက် ယခုလတွင် ရုံးချုပ်အစီအစဉ်ဖြင့် ပေးပို့ထားသော စာပေရေချမ်းစင် အသစ်သုံးခုအား လိုက်လံချိတ်ဆွဲခြင်း၊ ယခင်ထားရှိသော ရေချမ်းစင် ၁၃ ခုအား စာစဉ် အတွဲ(၂) အမှတ်(၉) စာအုပ်အသစ်များ ထပ်မံဖြည့်တင်းခြင်းနှင့် ပြည်သူတို့၏ သဘောထားအမြင်များ မေးမြန်းရယူခြင်းတို့ကို အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် မြို့နယ်ရုံးဝန်ထမ်းများက လိုက်လံဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရေနံချောင်းမူလတန်းကြိုကျောင်းတွင် ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရေနံချောင်း၊ အောက်တိုဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးလက်အောက်ရှိ ရေနံချောင်း မူလတန်းကြိုကျောင်းသည် ဝန်ကြီး၏ လမ်းညွှန်မှု၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၏ ကြီးကြပ်ကွပ်ကဲမှု၊ မိဘဆရာအသင်းအမှုဆောင်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မှုတို့ဖြင့် ကလေးသူငယ်များဖြစ်သည့် အသက်သုံးနှစ်မှငါးနှစ်အရွယ် ကလေးသူငယ်များ ကိုယ်ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် ရည်ရွယ်၍ ECCFD နည်းစနစ်ဖြင့် စနစ်တကျ လေ့ကျင့် ပြုစုပျိုးထောင်ပေးလျက်ရှိရာ စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲကို ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲတွင် English Speaking၊ ကဗျာ၊ ပုံပြင်၊ သီချင်းတို့အား ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသောရင်သွေးငယ်များအား ကျောင်းအုပ်ဆရာမကြီးက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

## သီပေါ၌ ချိန်ဆန်ပွတ်(ခေါ်) သင်မုခ်စင် ဘုရားကျောင်းဆောင်များ အရောင်းသွက်

**သီပေါ၊ အောက်တိုဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ်လုံးကျွတ်ဝါကျွတ်ပွဲတော်ကို ၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ သက်ဆင်းကြွမြန်းလာမည့် ဗုဒ္ဓရှင်တော်မြတ်ကို ရှေးရိုးရာအစဉ်အလာမပျက် ချိန်ဆန်ပွတ်(ခေါ်) သင်မုခ်စင် ဘုရားကျောင်းဆောင်၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးတို့ဖြင့် ဦးခိုက်ပူဇော်ကြမည်ဖြစ်သည်။

ဒေသခံတောင်သူလယ်သမားကြီးများမှာရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ချိန်ဆန်ပွတ်(ခေါ်) ဘုရားကျောင်းဆောင်များကိုရက်လုပ်ကြပြီး မြို့နယ်အတွင်းသာမက အခြားသောမြို့နယ်များသို့လည်း သင်မုခ်စင်တစ်ခုလျှင် လက်ကားနှုန်း ကျပ် ၅၀၀၊ ပွဲတော်ရက် နီးလျှင်ကျပ် ၈၀၀ နှုန်းဖြင့် ရောင်းကြကြောင်းသိရသည်။

**စိုင်း(သီပေါ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဆင်း

**ကွတ်ခိုင်၊ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ အောက်တိုဘာ ၃ ရက် နံနက် ၉နာရီတွင် မြို့နယ်မီးသတ်ဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့်ဖွင့်လှစ်သောအရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (၁/၂၀၁၄) မွမ်းမံသင်တန်းဆင်းပွဲကိုကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းမြင့်က အမှာစကားပြောကြား၍ ဆုများချီးမြှင့်ပေးပြီး ဦးစီးမှူး ဦးအောင်စိုးမောင်က သင်တန်းသား ၉၇ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းကာလမှာ စက်တင်ဘာ ၈ ရက်မှ အောက်တိုဘာ ၃ရက်အထိ တစ်လကြာ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**ကြေးမုံ**

## ပုလောမြို့နယ်ရှိ နံရံကပ်စာပေရေချမ်းစင်များ၌ စာစဉ်အသစ်များဖြည့်

**ပုလော၊ အောက်တိုဘာ ၆**

ပုလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လူစည်ကားရာ နေရာများတွင် နံရံကပ်စာပေရေချမ်းစင် (Mini Book Corner) များကို ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် မြို့နယ်ရုံးဝန်ထမ်းများက စာစဉ်အသစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နံရံကပ်စာပေရေချမ်းစင်များကို လူစည်ကားရာနေရာများတွင် ဖွင့်လှစ်ထားရှိပြီး စာစဉ်အသစ်များကို လဲလှယ် ဆောင်ရွက်ပေးသောကြောင့် ပြည်သူများအနေဖြင့် အားလပ်ချိန်များတွင် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုနိုင်သည်။

ပြည်သူများ စာပေကို လက်လှမ်းတမီ အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များ ဖြစ်ပေါ်စေရန်တို့အတွက် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူစည်ကားရာနေရာများ တွင် နံရံကပ်စာပေရေချမ်းစင် (Mini Book Corner) များကို ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ စာပေရေချမ်းစင်များကို လူစည်ကားရာ နေရာများဖြစ်သော မြို့နယ် ပြည်သူ့ဆေးရုံ၊ တရားရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ဈေး၊ တောင်ယာကမ်းကျေးရွာ၊ နန်းတောင်ကျေးရွာ၊ ပလကျေးရွာနှင့် ဇရပ်ဆိပ်ကျေးရွာများတွင် ချိတ်ဆွဲထားသော စာပေရေချမ်းစင်များတွင် အတွဲ(၂) အမှတ်(၉) စာအုပ်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကျေးရွာပြည်သူများ စာအုပ်စာပေများကို လက်လှမ်းတမီ ဖတ်ရှုနိုင်ရေးအတွက် မကျည်းကုန်းကျေးရွာ၊ တိုကျေးရွာနှင့် မီးလောင်ချောင်းကျေးရွာတို့တွင် နံရံကပ်စာပေရေချမ်းစင် အသစ်များကို ချိတ်ဆွဲပေးပြီး စာအုပ်စာစောင်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပုလော (ပြန်/ဆက်)**




ရောင်းမည်
လှိုင်သာယာပါမစ်မြေ
ပေ(၂၀ × ၆၀)၊ အိမ်၊ ရေမီးစုံ
သိန်း (၂၆၀)
ဆက်သွယ်ရန်
ဖုန်း- ၀၉-၄၂၅၃၀၆၈၈၇
၀၉-၅၁၆၁၂၈၀



မူးယစ်ဆန့်ကျင် အောင်ပွဲဆင်



# ကလေးမြို့လမ်းဆုံမီးပွိုင့်မှ တံတားဦးအထိ ဗိုလ်ချုပ်လမ်း တစ်ဖက်လျှင် ခုနစ်ပေစီဖြင့် ဘေးနှစ်ဖက် တိုးချဲ့

**ကလေး၊ အောက်တိုဘာ ၆**

ကလေးမြို့ ပြည်သူများ၏ သွားလာရေး ပိုမိုအဆင်ပြေ ချောမွေ့စေရန်အတွက် လမ်းဆုံမီးပွိုင့်အရှေ့ဘက် တိုက်စိမ်းမှ အနောက်ဘက် တံတားဦးအထိ ဗိုလ်ချုပ်လမ်းမကြီးအား တစ်ဖက်လျှင် အကျယ် ခုနစ်ပေစီဖြင့် အရှည် ၁ မိုင် ၂ ဖာလုံခန့်အထိ လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါလုပ်ငန်း အမြန်ဆုံး ပြီးစီးနိုင်ရေးနှင့် ပြည်သူများ သွားလာရေး ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် ကလေးမြို့နယ် အထောက်အကူပြုကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ၍ စက်ယန္တရားများဖြင့် ဗိုလ်ချုပ်လမ်းမကြီးဘေးနှစ်ဖက်အား တိုးချဲ့လျက်ရှိသည်။

လုပ်ငန်းများအမြန်ပြီးစီးရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌသည် ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် အတူအနီးကပ် ကြီးကြပ်လျက်ရှိသည်။

ကလေးမြို့ လမ်းဆုံမီးပွိုင့်အဝင် ဗိုလ်ချုပ်လမ်းမသည် အကျယ် ၄၁ ပေကျော်သာရှိပြီး ယခုကဲ့သို့ လမ်းဘေးနှစ်ဖက်ကို အကျယ် ခုနစ်ပေစီ တိုးချဲ့ခြင်းအားဖြင့် လမ်းအကျယ် ၅၅ ပေကျော် ရှိလာမည်ဖြစ်သည့်အတွက် ယာဉ်သွားလာမှုနှင့် ပြည်သူများသွားလာမှု ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# မြန်အောင်မြို့ဗုဒ္ဓပူဇနိယ ဘုရားဆင်းပွဲတော် ယခင်နှစ်ထက်ပိုမိုစည်ကား

**မြန်အောင်၊ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၏ (၁၂၇) ကြိမ်မြောက် တာဝတိံသာမြတ်စွာဘုရားကြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယ ဘုရားဆင်းပွဲတော်ကြီးကို သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်ရက်များတွင် ရပ်နီးရပ်ဝေးမှ ဘုရားပွဲလာများဖြင့် စည်ကားလျက်ရှိသည်။

တာဝတိံသာမြတ်စွာဘုရားကြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယ သီတင်းကျွတ်ဘုရားဆင်းပွဲတော်သည် ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိပြီး ဈေးဆိုင်ခန်းများလည်း ပိုမိုများပြားကြောင်း၊ ကလေးကစားစရာ၊ ချားရဟတ်များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချကြသော ဈေးသည်များ၊ ဘုရားပွဲလာများဖြင့် စည်ကားလျက်ရှိကြောင်း ဘုရားပွဲတော်ကျင်းပရေးအဖွဲ့က ပြောသည်။

ယခုနှစ်ဘုရားပွဲတော်သည် ဘုရားပွဲတော်၏ အစဉ်အလာအတိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ဇာတ်ပွဲကပြခြင်းကို ရပ်နားထားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့တွင် ပြန်လည်ကပြဖျော်ဖြေမည်ဖြစ်ကြောင်း ဘုရားပွဲတော်ကျင်းပရေးအဖွဲ့မှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

# မင်းဓမ္မကုန်းတော်ရှိ ကျောက်တော်ကြီးဘုရား၌ (၁၉) ကြိမ်မြောက် အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၆**

အင်းစိန်မြို့နယ်၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ ဂန္ဓကုဋိကျောင်းတော်ကြီး ပရိဝုဏ်အတွင်း၌ (၁၉) ကြိမ်မြောက် နေ့၊ ည အသံမစဲ အဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ယင်းအဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကိုးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး အောက်တိုဘာ ၈ ရက်တွင် ရွတ်ဆိုမှု အောင်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်သည်။

လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၏ ဂန္ဓကုဋိကျောင်းတော်ကြီး ပရိဝုဏ်အတွင်း၌ (၁၉)ကြိမ်မြောက် နေ့၊ ည အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ဖွင့်ပွဲအခမ်းအနားတွင် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်ကြီးအား ဗုဒ္ဓဘိသေကမင်္ဂလာသဘင်ဆင်ယင်ကျင်းပသော ဆရာတော် ဦးမာလာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်အပေါင်းနှင့် ကြွရောက်လာကြသောလူပရိသတ် တို့က ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြ၍ အလှည့်ကျသံဃာတော်တို့က အဘိဓမ္မာ ဒေသနာတော်မြတ်ကြီးကို အစဉ်အတိုင်း ရွတ်ဆိုပူဇော်ကြကြောင်း သိရသည်။

**၆၈၄**

# ယခုနှစ် နွားထိုးကြီးမြို့နယ်၌ ရွှေပဲစင်းငုံ လျာထားချက်လျော့၍ အထွက်လျော့နိုင်

**နွားထိုးကြီး၊ အောက်တိုဘာ ၆**

နွားထိုးကြီးမြို့နယ်၏ အားထားရသော သီးနှံဖြစ်သည့် နိုင်ငံခြားရောင်းတန်းဝင် ရွှေပဲစင်းငုံမှာ ယခုနှစ်အထွက်လျော့ဖွယ်ရှိနေကြောင်း ပဲစိုက်တောင်သူများက ပြောသည်။

မိုးရွာသွန်းမှုနောက်ကျပြီး မိုးနည်းသဖြင့် ပဲမစိုက်လိုက်ရသော တောင်သူများရှိနေ၍ ယခုနှစ်၌ လျာထားသော ပဲစင်းငုံစိုက်ဧက ၉၀၅၅၆ တွင် ဧက ၁၀၅၇၃လျော့ကာ ပဲစင်းငုံဧက ၇၉၉၈၃ သာ စိုက်ပျိုးနိုင်ကြောင်း ၎င်းတို့က ပြောသည်။

ရွှေပဲစင်းငုံသည် နွားထိုးကြီးမြို့နယ်တွင် ဧက ၉၀၀၀၀ ကျော်ရှိရာ ရာသီဥတု အကြမ်းခံပြီး သက်ကြီးစိုက်ချိန် ခြောက်လကြာသော သီးနှံများ၏ နောက်ဆုံးသီးနှံအဖြစ် သီးထပ်သီးညှပ်စိုက်ကြသည့် ပဲစင်းငုံကို ရိုးရိုးနှင့် အထွက်တိုး နှစ်မျိုးရှိကာ အထွက်တိုးမှာ သက်နု၍ အစေ့သေးသည်ဟု ဆိုသည်။

ပြည်ပရောင်းတန်းဝင် အရှုံးမရှိသော ရွှေပဲစင်းငုံမှာ ယခုအခါ တက်ဈေးမျှော်ရပြီး တစ်နှစ်ထက်တစ်နှစ် သိုလှောင်နေရ၍ ပဲစင်းငုံကြောင့် အရှုံးနှင့် ရင်ဆိုင်နေရသော ကုန်သည်၊ ပွဲစားများလည်း ရှိနေကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# တနင်္သာရီလမ်းမကြီးပေါ်၌ (၁၁) ကြိမ်မြောက် အဏ္ဏဝါရပ်ကွက် ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပ

**ရေး၊ အောက်တိုဘာ ၆**

တနင်္သာရီလမ်းမကြီးပေါ်၌ (၁၁)ကြိမ်မြောက် အဏ္ဏဝါရပ်ကွက် ဆွမ်းကြီးလောင်းလှူပွဲကို မွန်ပြည်နယ်၊ ရေးမြို့၊ သီရိနန္ဒာ အဏ္ဏဝါရပ်ကွက်ရှိ တနင်္သာရီလမ်းမဖြစ်သော အဏ္ဏဝါဘုန်းတော်ကြီးကျောင်း မုခ်ဝမှ အဏ္ဏဝါဆွမ်းလောင်းရုံရှေ့ မုခ်ဝအထိ လောင်းလှူလျက်ရှိရာတွင် မြို့နယ်သံဃနာယကဆရာတော်ကြီးများအား အမှူးထား၍ မြို့နယ်မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျင်းပရေးကော်မတီတို့ ဦးဆောင်ကာ အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီက ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပခဲ့သည်။

နယ်မြေခံတပ်ဖွဲ့ တပ်ရင်းတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းဘုံပဒေသာပင်၊ စာရေးတံမဲလှူဒါန်းသည့် လှူဖွယ်ပစ္စည်းများနှင့် စေတနာရှင်များက ဆွမ်းဆန်စိမ်း လှူဖွယ်ပစ္စည်းများဖြင့် ပင့်ဖိတ်ကျောင်းပေါင်း ၃၁ ကျောင်းမှ သံဃာ ၃၃၉ ပါး၊ သီလရှင်အပါး ၃၀ တို့အား စည်ကားသိုက်မြိုက်စွာ လှူဒါန်းကြသည့်အပြင် ကြွရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့ကိုလည်း ရပ်ကွက်လူငယ်နှင့် စေတနာရှင်များက စတုဒိသာဖြင့် ကျွေးမွေး၍ ရွှေမိုးငွေမိုးများလည်း ရွာသွန်းပေးကြသည်။

**ထွဋ်ထွဋ်(ရေး)**

**တစ်ဦးတည်း ဖြစ်ကြောင်း**

တိုက်ကြီးမြို့နယ်နေ ဦးကျော်သိန်း၏သားဖြစ်သူ ဦးမြင့်အောင်(ခ)ဦးအောင်မြင့် အမျိုးသားမှတ်ပုံတင်အမှတ် ZLN-၀၂၆၃၃၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးမြင့်အောင်(ခ)ဦးအောင်မြင့်

**သွေးသည် အသက်**

## လူမျိုးမရွေး ဘာသာမရွေး မျက်စိအလင်းလက်ဆောင် ပေးလှူပါမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းစံပြကျေးရွာ(မန္တလေး၊ မုံရွာ၊ ကားလမ်းဘေး) ရွှေရတုတိပိဋကစကျွပါလမျက်စိဆေးရုံကြီးတွင် ခွဲစိတ်မှုဂုရင်းနစ်စံချိန်ဝင် နီပေါနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr. Bidya Prasad Pant နှင့် ကျွမ်းကျင်အဖွဲ့မှ မျက်စိဝေဒနာရှင်များကို ဩဂုတ်လ ၂ ရက်မှ နိုဝင်ဘာလကုန်ထိ ၄ လတိုင်တိုင် အခမဲ့ ကုသိုလ်ဖြစ်ခွဲစိတ်ကုသ၍ အလင်းလက်ဆောင် ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မျက်စိဝေဒနာရှင်များလာရောက်ကုသရန်နှင့် ဆေးရုံတော်ကြီးအတွက် လှူဒါန်းထောက်ပံ့လိုသူများလည်း ဆေးပဒေသာပင်စသည်များ လှူဒါန်းထောက်ပံ့နိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ဆက်သွယ်လှူဒါန်းရာဌာန-တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း-၀၉-၅၁၄၀၂၈၃၊ ၀၁-၂၂၂၂၇၇၊ ၀၁-၂၂၂၂၇၈၊ တိ=နိဌာနခွဲ-မန္တလေးမြို့၊ ဖုန်း-၀၂-၃၀၁၉၀၊ ၀၉-၂၁၃၁၀၂၃၊ ရွှေရတုတိပိဋကစကျွပါလ မျက်စိဆေးရုံ-ဖုန်း-၀၉-၂၅၆၀၆၆၁၅၁







# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ၊ရင်ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၁၀-၂၀၁၄ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၇-၁၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၂-၁၁-၂၀၁၄ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၇-၁၂-၂၀၁၄ ရက်နေ့မှ ၁၈-၁၂-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၅ ရက်နေ့မှ ၁၆-၁-၂၀၁၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ချွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၈၅၀၀၀/-)၊ဒုတိယနှစ်(၈၆၀၀၀/-)၊တတိယနှစ်(၈၇၀၀၀/-) စတုတ္ထနှစ်(၈၈၀၀၀/-)ရရှိမည်။[၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်။]

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc(Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B.Pharm(Bachelor of Pharmacy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) **B.Med.Tech (Medical Laboratory Technology)**

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical ImagingTechnology)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(**Nurse**)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ **(Master of Science)** နှင့် ပါရဂူဘွဲ့ **(Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အဆက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ် ( သူနာပြု /ဆေးဘက်ကျွမ်းကျင်သူ ) အဖြစ် စတင်ခန့်အပ်ပေးမည်။ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံခြင်း မခံရသည့် သူနာပြု/ဆေးဘက်ကျွမ်းကျင်သူများသည် တပ်မတော်မှ နုတ်ထွက်ရမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သူနာပြုသိပ္ပံဘွဲ့သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၁၀-၂၀၁၄ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၇-၁၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၆-၁၂-၂၀၁၄ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၄ ရက်နေ့မှ ၃၀-၁၂-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁-၂၀၁၅ ရက်နေ့မှ ၂၃-၁-၂၀၁၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သူနာပြုသိပ္ပံဘွဲ့ **(Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၈၅၀၀၀ိ/-)၊ဒုတိယနှစ်(၈၆၀၀၀ိ/-)၊တတိယနှစ်(၈၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၈၈၀၀၀ိ/-)ရရှိမည်။(၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။)

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု**(Nurse)**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက သူနာပြုမဟာသိပ္ပံဘွဲ့ **(Master of Nursing Science)** နှင့် ပါရဂူဘွဲ့ **(Ph.D Nursing)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အမှုထမ်းသက် (၁)နှစ်၊အထက်တန်းသူနာပြု အမှုထမ်းသက် (၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ် (သူနာပြု) အဖြစ် စတင်ခန့်အပ်ပေးမည်။ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံခြင်း မခံရသည့် သူနာပြုများသည် တပ်မတော်မှ နုတ်ထွက်ရမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အီတလီနိုင်ငံ ရောမမြို့သို့ ရောက်ရှိ



**ရောမ အောက်တိုဘာ ၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အီတလီနိုင်ငံ ရောမမြို့၌ကျင်းပမည့် (၈)ကြိမ်မြောက် အာရှ-ဥရောပပါလီမန်ဆိုင်ရာ မိတ်ဖက်အစည်းအဝေးတက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၄ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၄၀ တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး ယင်းမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ အီတလီနိုင်ငံ ရောမမြို့ FIUMICINO အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။ **(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား FIUMICINO အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်နောင်နှင့် သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ယနေ့မာတိကာ


ပွင့်လင်းရာသီနှင့် မြို့ပြပြည်သူ

စာမျက်နှာ - ၂

ဦးနောက်၏ ဂျီပီအက်စ် တွေ့ရှိသူသုံးဦး ဆေးပညာနှင့် စိတ်ပညာဆိုင်ရာ နိဘယ်လ်ဆု ချီးမြှင့်ခံရ

စာမျက်နှာ - ၄

ပညာဖြင့် အလှဆင် ဆရာများ၏ ဂုဏ်အင်

စာမျက်နှာ - ၇




# အာရှအားကစားပြိုင်ပွဲ အောင်ပွဲရပိုက်ကျော်ခြင်းအသင်းအား ကြိုဆို

**ရန်ကုန် အောက်တိုဘာ ၆**

ကိုရီးယားနိုင်ငံ အင်ချွန်မြို့တွင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပခဲ့သော (၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုဖြင့် အောင်မြင်မှုရရှိခဲ့သော မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်ဦးဆောင်၍ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအသင်းနှင့်အတူ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ ပြန်ကြားရေးအဖွဲ့၊ ဆေးအဖွဲ့တို့သည် ယမန်နေ့ည ၁၀ နာရီခွဲက ကိုရီးယားလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ GN Sport Myanmar မှ Managing Director နှင့် ဝန်ထမ်းမိသားစုများ၊ 100 Plus အချိုရည်မှ ဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပန်းစည်းများကမ်း၍လည်းကောင်း၊ **စာမျက်နှာ ၅ ကော်လံ ၄ သို့**

# ပျက်စီးသွားသောတံတား ပြန်လည်တည်ဆောက်နိုင်၍ ပြည်သူများ သွားလာရေးအဆင်ပြေ

**ဗန်းမော် အောက်တိုဘာ ၆**

ကသာ-ဗန်းမော်လမ်းပေါ်တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော ပေါမမြိုင်ချောင်းကူးတံတားကို အမြန်ဆုံးပြန်လည်တည်ဆောက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးပြီဖြစ်၍ မော်တော်ကား၊ ဆိုင်ကယ်၊ လူအများ သွားလာနေပြီဖြစ်ကြောင်း သိရသည်။

ကသာခရိုင် ကသာမြို့နယ်တွင် စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်း/တံတားများ ပျက်စီးဆုံးရှုံးခဲ့ရာ ပေါမမြိုင်ချောင်းကူး သံကူကွန်ကရစ်တံတားလည်း ပါဝင်ခဲ့သည်။ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှု၊ ကသာခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပေါမမြိုင်ချောင်းကူးတံတားကို ဘေလီသံပေါင်တပ်ဆင်ပြီး တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီး၍ ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့နေပြီ ဖြစ်သည်။ **စာမျက်နှာ ၉ ကော်လံ ၄ သို့**









## မှော်ဘီမင်္ဂလာတိုက်သစ်

## ထူးမြတ်ဂုဏ်သိန် ဥတ်ကထိန်ဆက်ကပ်ပူဇော် နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဘုရားလမ်းကျေးရွာ၊ မင်္ဂလာတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဥုးသုမင်္ဂလ(ဒယ်အိုးဆရာတော်)အား ဦးထိပ်ထားလျက် ကထိန်ဒါယကာ(ဦးအောင်ဖြူဝင်း)-ကထိန်ဒါယိကာမ ဒေါ်ခင်သန်းနွဲ့ "ပိုင်ဆောက်လုပ်ရေး"မိသားစုတို့မှ မင်္ဂလာတိုက်တွင် ပုရိမဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား"ထူးမြတ်ဂုဏ်သိန်ဥတ်ကထိန်"ကို မတည်လှူဒါန်း၍ အားလုံးသော ကုသိုလ်ရှင် သူတော်ကောင်းအပေါင်းတို့မှ အလှူရှင်များနှင့်အတူ ကထိန်အနုမောဒနာတရား နာကြားရေစက်ချ အလှူမင်္ဂလာပြု ပင့်သံဃာတော် အရှင်သူမြတ်တို့အား နှစ်စဉ်ပေါင်းစု မြတ်သောပဒေသာပင်ကောင်းမှုကို မဲဖောက်လှူဒါန်း ကုသိုလ်ပန်းကို ဆင်မြန်းပန်ဆင်ကြစေရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ကျင်းပမည့်ရက် (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ရက်)၁၁-၁၀-၂၀၁၄ရက်(စနေနေ့)

**ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့**

### မြိုင်မဟာစည်သာသနာ့ရိပ်သာ(ရန်ကုန်)

### ပဥ္စမအကြိမ် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ပဥ္စမအကြိမ် စုပေါင်းမဟာဘုံကထိန် သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၁၀ ရက်) ၁၈-၁၀-၂၀၁၄(စနေနေ့)တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။ နံနက် ၉နာရီ၌ မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒမှ ရေစက်ချတရားတော်များ ဟောကြားပါမည်။

### ဖြူးဆရာတော်တပည့်မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ (၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် အောက်တိုဘာလ ၇ ရက်တွင် လှည်းကူးမြို့သရက်ကုန်းစံပြရွာ-ထေရဝါဒဓမ္မသဘင်၊ ၈ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက်၊ မြင်သာ(၆)လမ်း ဆွမ်းအောင်ပွဲဓမ္မသဘင်၊ ၁၅ရက်တွင် မန္တလေးမြို့၊ ၆၆လမ်း၊ စ/ရပ်ကွက်၊ ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပါမည်။

## ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့်တပည့်ဒါယကာ၊ ဒါယိကာမ များ၏ (၂၉)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာလ ၁၉ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့် အတူ လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများ အဆင်ပြေစေရန် ၁၃-၁၀-၂၀၁၄ ရက်မှ စတင်၍ ဖုန်း-၀၁-၃၇၂၇၅၃ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

### အောင်လံမြို့နယ်အသင်း(ရန်ကုန်)

### (၃၈)ကြိမ်မြောက်စုပေါင်းဘုံကထိန်သင်္ကန်းကပ်လှူပွဲ

### ဖိတ်ကြားလွှာ

အောင်လံမြို့နယ်အသင်း(ရန်ကုန်)မှ ဘုံကထိန်ပွဲစည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောင်လံမြို့နယ်သူ/သားများ (မိသားစုအလိုက်) ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါ သည်။

**အစီအစဉ်**

| | |
|---|---|
| နေ့ရက် | - (၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) ၁၂-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) |
| နာရီ | - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ |
| နေရာ | - သက္ကနိမ္မိတာရုံသီလရှင်စာသင်တိုက်၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်။ |

**အမှုဆောင်အဖွဲ့**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ လမ်းသွယ်(၈)လမ်း၊ မြို့မ(၁)ရပ်ကွက်၊ အမှတ်(၁၆)နေ ဒေါ်အိရွှေစင်[၁၂/ဒလန(နိုင်)၀၁၆၀၈၂]၏ဖခင် ဦးကြင်ငွေနှင့် ဦးကျင်ငွေ[၁၂/မရက(နိုင်)၀၉၂၇၃၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကြင်ငွေ(ခ)ဦးကျင်ငွေ**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဆောင်ရွက်မည့် ၆၆ ကေဗွီ၊ ၃၃ကေဗွီ၊ ၁၁ကေဗွီ ဓာတ်အားလိုင်းများတည်ဆောက်ခြင်းအတွက် လိုင်းပစ္စည်းများနှင့် ၃၃/၀. ၄ကေဗွီ၊ ၁၁/၀. ၄ ကေဗွီ ဓာတ်အားခွဲရုံများအတွက် ခွဲရုံပစ္စည်းများကို (Packageတစ်ခုစီ)နှင့် ဒီဇယ် ဓာတ်အား ပေးစက်(၉)လုံးအတွက် လိုအပ်သော Accessories များအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါစတင်ရောင်းချမည့်ရက် | - ၇-၁၀-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်ရက် | - ၂၀-၁၀-၂၀၁၄ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၂း၀၀နာရီ |

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၅၃)၊ နေပြည်တော်။ ဖုန်း ၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

### မြစ်ကြီးနားအသင်း(ရန်ကုန်)၏

### စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားလွှာ

မြစ်ကြီးနားအသင်း(ရန်ကုန်)၏အကြိမ်(၃၀)မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့်ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဩဝါဒခံဆရာ တော်ကြီးများအပါအဝင် ပင့်သံဃာတော်အပါး(၁၈)ပါးတို့အား ကထိန်သင်္ကန်းနှင့်တကွ အခြံအရံ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ၁၂-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျောက်စိမ်းတွင်း ဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသား များနှင့် ရန်ကုန်ရောက် ကချင်ပြည်နယ်သူ/သားများ မပျက်မကွက်ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **(ပြည်နယ်ထမင်းဟင်းလျာဖြင့်ဧည့်ခံပါမည်။)**

သင်္ကန်းတစ်စုံလျှင်ကျပ်၁၀၀၀၀-နှုန်းဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါသည်။

(၁) ဦးစောနွဲ့သန်းစိန် (ဖုန်း-၃၇၅၄၂၁၊ ၀၉-၅၀၉၉၁၁၆)၊ (၂)ဒေါ်ဘေဘီ (ဖုန်း-၅၇၇၈၁၂၊ ၀၉-၅၁၇၃၃၇၈)၊ (၃)ဦးတင်မောင်ဝင်း(ဖုန်း-၃၈၃၀၃၁)၊ (၄)ဒေါ်တင်တင်ညွန့်(ဖုန်း-၅၅၅၅၂၉)၊ (၅)ဒေါ်ခင်မကြီး(ဖုန်း-၃၇၁၁၉၇)၊ (၆)ဒေါက်တာအေးအေးစူး(ဖုန်း-၃၉၂၈၈၅)၊ (၇)ဒေါက်တာ ခင်ညိုညို(ဖုန်း-၀၉-၂၅၀၀၈၂၂၉၉)၊ (၈)ဒေါ်ကြည်ကြည်ဆွေ(ဖုန်း-၀၉-၅၁၆၆၂၄၈)၊ (၉)ဒေါ်ညိုမာ သွယ်(ဖုန်း-၀၉-၅၀၂၁၈၁၅)၊ (၁၀)ဒေါ်နုနုယဉ်(ဖုန်း-၀၉-၃၀၁၉၁၉၈၉)၊ (၁၁)ဒေါ်လှလှချိန်(ဖုန်း- ၀၉-၅၀၇၇၉၂၃)၊ (၁၂)ဒေါ်ကြည်ကြည်နိုင်(ဖုန်း-၀၉-၃၃၂၁၅၃၄၃)

**အမှုဆောင်အဖွဲ့**


ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဆက်သွယ်ရန် - 01-210438/ 09-5010153



BAYTAR FASHION

Sule Centre Point (Fashion) II

PH: 09-73002145, 09-420187821

Tel : 01-558819, 09-250001924, 09-73165476, 09-254374285, 09-31481732

## တောင်ငူရန်ကုန်ရိပ်သာများဦးစီးနာယကပြည်တွင်း၊ ပြည်ပဓမ္မဒူတ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဇာတဆရာတော်၏ သက်တော်(၇၀)နှစ်ပြည့်ဝိဇာတမွေးနေ့မင်္ဂလာ ဖိတ်ကြားလွှာ

ဆရာတော်သည် (၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) ၁၂-၁၀-၂၀၁၄ ရက် သက်တော်(၇၀)နှစ်ပြည့်ဝိဇာတမင်္ဂလာမှ ဗုဒ္ဓ၏ပရိယတ်၊ ပရိပတ်၊ ပဋိဝေဓသာသနာနှင့်ပညာရေး၊ ဖွံ့ဖြိုးရေး၊ ပရဟိတလုပ်ငန်းများအား ကျန်းမာချမ်းသာစွာဖြင့် နှစ်ပေါင်းရာကျော်များစွာ သက်တော်ရှည်ပြီး ဆောင်ရွက်နိုင်ရန်အထူးရင်းနှီးမှုဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - **(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်)၊ ၁၂-၁၀-၂၀၁၄ ရက်(တနင်္ဂနွေနေ့)**
**အချိန်** - **နံနက်၇နာရီမှ ၁၂နာရီထိ**
**နေရာ** - **ပြည့်စုံအေးမဟာစည်ရိပ်သာ၊ သုနန္ဒာလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။**
**လမ်းညွှန်** - **ကြိုးတံတားကားစီး(သစ္စာကျိမ်ရုပ်ပွားတော်ဘုရားကြီးလမ်း) ဖုန်း-၀၉-၅၃၅၁၄၂၉၊ ၂၅၀-၄၄၀၀၄၁**
**ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေကြွရောက်ပါရန်**

## သဒ္ဓမ္မရံသီ(မဟာစည်)ရိပ်သာနှင့်ရိပ်သာခွဲများတွင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနေ့ရက်များ

မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်သဒ္ဓမ္မရံသီရိပ်သာနှင့်ရိပ်သာခွဲများ၏ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲများကို အောက်ဖော်ပြပါနေ့ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

(၁) ဓမ္မဒါယာဒသဒ္ဓမ္မရံသီရိပ်သာ(ကျောက်တန်း)
သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ၁၂-၁၀-၂၀၁၄ (တနင်္ဂနွေနေ့)
(၂) စိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ(အင်းတိုင်၊ လှည်းကူး)
သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၁၉-၁၀-၂၀၁၄ (တနင်္ဂနွေနေ့)
(၃) သုခါပဋိပဒါသမ္မရံသီရိပ်သာ(ကျောက်ကုန်း)
တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၂၆-၁၀-၂၀၁၄ (တနင်္ဂနွေနေ့)
(၄) မဇ္ဈိမာပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ(မြောက်ဥက္ကလာပ)
တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၁-၁၁-၂၀၁၄ (စနေနေ့)
(၅) သဒ္ဓမ္မရံသီ(မဟာစည်)ရိပ်သာ၊ ၈ မိုင်(မရမ်းကုန်း)
တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂-၁၁-၂၀၁၄ (တနင်္ဂနွေနေ့)
(၆) ဓမ္မပူဇာသဒ္ဓမ္မရံသီရိပ်သာ(ဥဿာ၊ ပဲခူး)
တန်ဆောင်မုန်းလပြည့်နေ့၊ ၆-၁၁-၂၀၁၄ (ကြာသပတေးနေ့)

အထက်ပါရိပ်သာများတွင် နံနက် ၈ နာရီအခမ်းအနားစတင်၍ ကထိန်အရန်သင်္ကန်းများနှင့်ဥတ်သင်္ကန်းကို ဆက်ကပ်လှူဒါန်းပြီး သာဓုအနုမောဒနာတရား နာကြားကြမည်ဖြစ်ကြောင်းဖိတ်ကြားအပ်ပါသည်။ သင်္ကန်းတစ်စုံလျှင် ၂၀၀၀ကျပ်ဖြင့် လှူဒါန်းနိုင်ပါသည်။

**ဝေယျာဝစ္စအလုပ်အမှုဆောင်အဖွဲ့**

**Power Palace Hotel**




## နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံ့ခေါင်းဆောင်ဖြစ်လိုသူများနှင့် ကမ္ဘာ့အကြောင်းထိုင်ရာမထဘဲ သိလိုသူများအတွက် စာအုပ်များ

* ခရီးသည်ဝန်ကြီး — သခင်ချစ်မောင်(မြန်အောင်)
* နိုင်ငံရေးအတွေ့အကြုံများ — (နိုင်ငံရေးသံသရာ-၂) သခင်ချစ်မောင်(မြန်အောင်)
* DIARY OF A GLOBE TROTTER by MAUNG PON NYA
* ကမ္ဘာတစ်လွှားခရီးသွားမှတ်တမ်း မောင်ပုည

**ဆက်သွယ်ရန် - စိန်တိုက်စာပေ**
**၂၃၁/က၊ တပင်ရွှေထီးလမ်း(မဟာမြိုင်)**
**ဥဿာမြို့သစ်၊ ပဲခူးမြို့။**
**ဖုန်း-၀၅၂ ၃၀၅၁၈၊ ၀၉-၅၄၁၀၉၃၈၊ ၀၉-၃၁၄၂၆၉၃၅၊**
**၀၁-၆၃၆၇၈၀၊ ၀၉-၄၃၁၅၂၁၁၁**
**Email: sansanaye.lye@gmail.com**
**sanlwin.lwin 6@gmail.com**
**(၃၄၊ ပန်းမဥ္ဇူလမ်း၊ ခရေပင်ရိပ်မွန်-၂၊ မင်္ဂလာဒုံ)**

## ဒဂုံတောင်ပိုင်းနှင့် ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

**ဖုန်း-၀၉-၄၂၅၂၈၉၀၀၃၊**
**၀၉-၄၂၅၂၈၉၀၀၄**

**KING STAR** 20000Ks
Internet 6000Ks
Office 2010
D.T.P
Graphic Design
A+ Hardware
Video Editing
AutoCAD 2D,3D

## ဆိုင်ခန်းငှားမည်

(၁) ဗိုလ်ချုပ်နေဝင်းလမ်းမပေါ်၊ ထောင့်ကွက်၊ (သန်လျင်မြို့)မြို့လည်ခေါင်လူစည်းကားသောနေရာ၊ ရုံးခန်း-စားသောက်ဆိုင်ကြီးဖွင့်လို့အလွန်ကောင်း
(၂) အကျယ်ဝန်း
အရှေ့မျက်နှာ-ပေ ၆၀
နောက်-၂၅ပေ
ကြိုးဖုန်းပါ-ရေမီးစုံ
အိပ်ခန်း- ၂ခန်းပါ
ကားပါကင်ရပ်ရန်နေရာ အရမ်းကောင်း
**ဖုန်း-၀၉-၇၃၀၈၃၅၁၁၊**
**၀၉-၂၅၀၃၄၅၄၀၁**

ရောင်းမည်
TOYOTA HIACE(GL)
2008 Model
114500Km (4B-8)
Tel: 09-5175691

## နိုင်ငံရေးသမားနှင့် နိုင်ငံရေး
## တင်မောင်ဝင်း

## မြေငှားပါမစ်မူရင်းများပြန်လည်အပ်နှံရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အဆင့်မြင့်အိမ်ယာစီမံကိန်းအရ ပြောင်းရွှေ့နေရာချထားသော အောက်ပါမြေငှားပါမစ်မူရင်းများသည် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ ကြေညာသည့်နေ့မှ (၁၅)ရက်အတွင်း ပါမစ်မူရင်းလက်ဝယ်ရှိသူများ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်အပ်နှံရန်နှင့် အပ်နှံခြင်းမရှိပါက ပါမစ်မူရင်းကိုပယ်ဖျက်ပြီး ပိုင်ရှင်များသို့ မိတ္တူအသစ်ထပ်မံထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| စဉ် | ပိုင်ရှင်အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | မြေတိုင်းရပ်ကွက် | မြေကွက်အမှတ် |
|---|---|---|---|---|---|
| ၁။ | ဒေါ်ချစ်လှိုင် | [၁၂/လမန(နိုင်)၀၇၄၆၇၇] | ရွှေပြည်သာ(သံဒင်း) | ၄၇ | ၁၈၉(ခ) |
| ၂။ | ဦးမြညွန့် | [၁၂/လမန(နိုင်)၀၇၄၅၂၆] | ရွှေပြည်သာ(သံဒင်း) | ၄၈ | ၈၈၄ |
| ၃။ | ဦးတင်မောင်ထွေး | [၁၂/လမန(နိုင်)၁၁၈၄၉၄] | ရွှေပြည်သာ(သံဒင်း) | ၄၈ | ၄၀၆ |
| ၄။ | ဦးတင်မြင့်နိုင် | HLG-၀၂၄၄၂၅ | ရွှေပြည်သာ(သံဒင်း) | ၄၇ | ၃၅၇(ခ) |

**ရပ်ကွက်အုပ်ချုပ်ရေးမှူး**
**အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်**

# SANCHAUNG GARDEN

RESIDENCE

# (၁) ခန်းဝယ်လျှင်ကားပါကင်

# (၆၀၀) သိန်းတန် ပါဝင်မည်

## (၄)၊ (၅) လွှာရှိ (၅၆) ခန်းကို အောက်တိုဘာ

## (၁) မှ (၇) ထိရောင်းချပေးမည်။

# ပွဲအတွင်း လျှော့ပေးမည်။ ၆၀ သိန်း

(၁၈)သိန်းစရန်ပေးထားမှ အခန်းရဖို့သေချာမယ်နော်...



ှင်အကောင်းဆုံးဟုတယ်
NA BAY SANDS
းဆွဲခဲ့သော စင်္ကာပူနိုင်ငံ
ဗိသုကာကုမ္ပဏီ Aedas
SANCHAUNG GARDEN
ဓာတ်ဆီဆိုင်
AYA Bank
KBZ Bank
UAB Bank
စမ်းချောင်းလမ်း
SANCHAUNG GARDEN
အာရှတော်ဝင် ဆေးရုံ
City Mart
Myanmar Event Park
လွှတ်တော်
(၁)ခန်းဝယ်လျှင်(၅၀)သိန်း
OCTOBER 1

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## နေပြည်တော်
## လက်ဝတ်ရတနာနှင့်ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာတင်သွင်းရန်
## ကြေညာချက်(၁/၂၀၁၄)
## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
## (၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၄ ခုနှစ်အတွက် ခွင့်ပြုထားသော လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင်များသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၁)လ ကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လက်ရှိလိုင်စင်သက်တမ်းကုန်ဆုံးချိန်မှစ၍ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ကြောင်း အကြောင်းကြားရမည်ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့်ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ၊ ရောင်းချခြင်းလုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန မြစ်ကြီးနားမြို့နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်တို့သို့ ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **၂၀၁၅ ခုနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်း။**
လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုသူများသည် ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန (မြစ်ကြီးနားမြို့)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့များတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများ တင်သွင်းရပါမည်။

(ခ) **လိုင်စင်သက်တမ်းကုန်ဆုံးပြီးလုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမပြုလိုသူများ**
(၁) လုပ်ငန်းမရပ်စဲမီတစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များပြန်လည်အပ်နှံကြရန် ဖြစ်ပါသည်။
(၂) လုပ်ငန်းလိုင်စင်နှင့်ထုတ်ယူထားသော အရောင်းပြေစာစာအုပ် (CASH MEMO) များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ လာရောက်ဆက်သွယ် ဆောင်ရွက်ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက လုပ်ငန်းလိုင်စင် ရပ်စဲခံရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့များတို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **http;//www.mining.gov.mm /mge**

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

---

**အမည်ပြောင်းခြင်း**

အထက(၂)ဒဂုံ၊ စတုတ္ထတန်း(ခ)တွင် ပညာသင်ကြားနေသော မမေသက်ထားခန့် (ဘ) ဦးလှထွန်းဦး [၁၄/ဟသတ(နိုင်)၀၀၆၇၄၅]အား ယနေ့မှစ၍ မမေသက်ထားဟု ပြောင်းလဲခေါ်ပါရန်။

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို (Turnkey)စနစ် နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

(၁) ၂၃၀ ကေဗွီ အလုံ- သီတာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
(၂) ၂၃၀/၆၆/၁၁ ကေဗွီ ဘုရင့်နောင်ဓာတ်အားခွဲရုံ စီမံကိန်း
(၃) ၂၃၀ကေဗွီ အသုတ်- ဟင်္သာတဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်း
(၄) ၂၃၀ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ စီမံကိန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း ၀၆၇-၄၁၀၂၈၂**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## ညွှန်ကြားရေးမှူးချုပ်ရုံး

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအောက်ရှိ သမဝါယမသင်တန်းကျောင်းများတွင် အောက်ဖော်ပြပါ လစာနှုန်း (၉၉၀၀၀ိ/-၁၀၀၀-၁၀၄၀၀၀ိ/) နည်းပြရာထူးများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | နည်းပြ | M.Econ(Eco), M.PA | (၈)နေရာ |
| (ခ) | နည်းပြ | M.Econ(Stats) | (၃)နေရာ |
| (ဂ) | နည်းပြ | M.Act | (၁၅)နေရာ |
| (ဃ) | နည်းပြ | M.Com, M.B.A | (၉)နေရာ |
| (င) | နည်းပြ | M.A(Myan) | (၁)နေရာ |
| (စ) | နည်းပြ | M.A(Eng) | (၂)နေရာ |
| (ဆ) | နည်းပြ | M.Sc(Maths) | (၁)နေရာ |
| (ဇ) | နည်းပြ | MA(Geog) | (၁)နေရာ |
| (ဈ) | နည်းပြ | LL.M | (၁)နေရာ |
| (ည) | နည်းပြ | M.C.Sc | (၈)နေရာ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၀-၂၀၁၄ ရက်တွင် အသက်(၃၀)နှစ် ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်ရ။
(ဂ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိ ရေးထိုးနိုင်ရမည်။
(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ၃၁-၁၀-၂၀၁၄ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။
(က) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ခ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ
(ဂ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ(မူရင်း)
(ဃ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

၄။ လျှောက်ထားသူများကို ၃-၁၁-၂၀၁၄ ရက် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၌ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ၂-၁၁-၂၀၁၄ ရက်တွင် သမဝါယမဝန်ကြီးဌာန ရုံးအမှတ်(၁၆)၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ လူကိုယ်တိုင်လာရောက် သတင်းပို့ရမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၅၂၇၊ ၀၆၇-၄၁၀၃၃၆ တို့တွင် စုံစမ်းနိုင်ပါသည်။

---

## INVITATION FOR OPEN TENDER
## [Tender No.4 (T) MPE/Propane ($C_3$) and Butane ($C_4$)/2014-2015]

1. Open Tender is invited for the Myanma Petrochemical Enterprise, the Ministry of Energy for the supply of Propane ($C_3$) (900 MT ± 5%) and Butane ($C_4$) (900 MT ± 5%)
2. Tender Closing Date : 21-10-2014 at (12:00) noon.
3. Tender Opening Date : 21-10-2014 at (13:00) hrs.
4. Delivery Time : Within November 2014
5. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing 2-10-2014 on payment of the Myanmar Kyat One Hundred Thousand (Kyat 100,000) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petrochemical Enterprise**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သော အောက်ဖော်ပြပါကုန်ကြမ်းများအား စက်ရုံအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ကြွေကျောက် | ၁၀၀၀ တန် |
| (ခ) | ဂေါဒန်ကျောက် | ၅၀၀၀ တန် |

၂။ တင်ဒါအား ၇-၁၀-၂၀၁၄ ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၂၄-၁၀-၂၀၁၄ ရက် ၁၅း၃၀ နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန်တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၃၆၀)

**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**




---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရွာမဓာတ်အားပေးစက်ရုံရှိ (Gas-skid) ပြုပြင်ခြင်းလုပ်ငန်းအား ပစ္စည်းဖိုးအပါအဝင် (Turnkey)စနစ် ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ကျွန်းချောင်းဓာတ်အားပေးစက်ရုံရှိ (132/66/11KV)(13.33MVA) Single Phase Transformer (3)Nos ကို အကြီးစားပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ကျခံသုံးဆွဲ၍ တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အလုံဓာတ်အားပေးစက်ရုံရှိ (ll/33KV,47.5MVA) Transformerကို အကြီးစား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ကျခံသုံးဆွဲ၍ တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများကို (Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

(၁) အရှေ့ဒဂုံ-ရွှေပေါက်ကံ ၆၆ကေဗွီ ဓာတ်အားလိုင်း(၁၁. ၈)မိုင် စီမံကိန်းနှင့် ရွှေပေါက်ကံ-ဝေဘာဂီ ၆၆ကေဗွီဓာတ်အားလိုင်း (၂. ၅)မိုင် စီမံကိန်း
(၂) အရှေ့ဒဂုံ-ဒဂုံမြောက်ဥက္ကလာပ ၆၆ကေဗွီ ဓာတ်အားလိုင်း(၁၃)မိုင် စီမံကိန်း
(၃) အရှေ့ဒဂုံ-ဒဂုံမြောက်(ကုန်ပဒေသာ) ၆၆ ကေဗွီ ဓာတ်အားလိုင်း(၉. ၃)မိုင် စီမံကိန်း
(၄) အရှေ့ဒဂုံပင်မခွဲ-ဒဂုံအရှေ့(၁)၊ (၂) ၆၆ကေဗွီ ဓာတ်အားလိုင်း(၈. ၇)မိုင် စီမံကိန်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း ၀၆၇-၄၁၀၂၈၂**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# စစ်တက္ကသိုလ် အာစရိယပူဇော်ပွဲအတွက် ပန်ကြားလွှာ

၁၉၆၈ ခုနှစ်မှ ၁၉၇၇ ခုနှစ်အတွင်း စစ်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၄/၁၅/၁၆/၁၇/၁၈/၁၉) ကျောင်းဆင်းအရာရှိများက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ၌ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်(စနေနေ့) နံနက် ၉နာရီတွင် ကန်တော့လိုပါသဖြင့် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနမှ သက်ရှိထင်ရှားရှိသော ဆရာ၊ ဆရာမများ(အခြားအဆင့်များ အပါအဝင်)သည် (အမည်၊ အဆင့်၊ စစ်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်ခဲ့သော ဌာန၊ ရာထူး၊ တာဝန်၊ ခုနှစ်၊ လက်ရှိအသက်၊ ဆက်သွယ်နိုင်မည့်လက်ရှိနေရပ်လိပ်စာ၊ ဖုန်းနံပါတ်များဖော်ပြ၍) အောက်ပါလိပ်စာများသို့ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၃၀ရက်) နောက်ဆုံးထား၍ ဆက်သွယ်အသိပေးနိုင်ပါရန်နှင့် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်နိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

စတသ(၁၄)- တင်ဝင်း (၀၉-၅၁၈၁၂၃၆)၊ ဝေလင်းအောင် (၀၉-၅၁၄၂၆၆၂)၊ ဝင်းမြင့်(၀၉-၈၆၃၇၀၄၀)

စတသ(၁၅)- ဦးဦးဇွန်း(၀၉-၅၀၁၉၄၁၃)၊ တင်အောင်(၀၉-၅၁၄၆၅၅၃)၊ နေဝင်း(၀၉-၂၀၀၆၄၄၂)

စတသ(၁၆)- တင်အောင်(၀၉-၂၀၅၃၇၄၃)၊ ခင်မောင်ထွန်း(၀၉-၅၄၃၃၃၂၅)၊ အောင်မိုးမြင့်(၀၉-၅၀၁၀၈၄၄)၊

စတသ(၁၇)- မျိုးလွင်(၀၉-၅၀၁၉၂၉၅)၊ သန်းထွန်း(၀၉-၈၆၀၀၂၉၈)၊ ညီညီတင်(၀၉-၂၅၄၃၃၇၈၈၅)၊

စတသ(၁၈)- ခင်မောင်လတ်(၀၉-၄၃၀၈၅၇၇၉)၊ ညဏ်လင်း(၀၉-၂၁၆၅၈၁၇)၊ မျိုးလွင်(၀၉-၈၆၂၇၇၂၇)

စတသ(၁၉)- ငွေထွန်း(၀၉-၅၅၀၀၃၀၂)၊ သန်းမြင့်(၀၉-၅၁၄၈၁၂၂)၊ အေးသော်(၀၉-၄၃၀၇၉၅၉၆)

CRANE
518474, 0950924914
Ph:09-5418126

"GLOBAL EDUCATION EXHIBITION 2014"
Medical University - Health & Medicine - Life Science & Pharmacy - Civil & Architecture - Aerospace & Aircraft Engineering
Electronic Electrical - Mechanical - Animation & Game Technology - Business & Economics - IT
YANGON
Date : 24 Oct 2014
Time : 10:00 am - 1:00 pm
Venue : Summit Parkview Hotel (Ballroom)
MANDALAY
Date : 26 Oct 2014
Time : 2:00 pm - 5:00 pm
Venue : Hotel Mandalay (Ballroom)
CROWN EDUCATION
Myanma Apex Bank Visa Card
Tel : 01 527 838 - 09 732 732 77 - 09 730 40 688

MYANMAR SEARCH INT'L
IGCSE, GCE"O" Level, "A" Level
HND, City & Guilds
Curtin & MSI
Curtin
Sarawak
Planning, Design, Implementing & Testing
"Engineering Super Bubbles Workshop"
"Space Egg Engineering Workshop"
"The Spaghetti - Marshmallow Tower."
Parkroyal Hotel (Padamyar 3)
MSI
01-389915,
01-250929,
09-5103915

## တစ်ချက်တည်းကျင်းဝင်

ဦးအောင်ခန့်ဖြိုးသည် ကစားဖော်များဖြစ်ကြသော ဦးတင်ထွဋ်ဦး၊ ဦးနွေကိုကို၊ ဦးကျော်ဇင်လတ်တို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာတွင်း၌ ၂၉-၉-၂၀၁၄ ရက် ၁၅း၀၀ နာရီ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ ကိုက်(၁၆၀)အကွာမှ Pro-V No.4 ဘောလုံးကို Titleist Iron-5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

TDK Machinery Trading Company Limited
လက်ရှိအသုံးပြုနေသောဂျပန်ပစ္စည်းများရောင်းရန်ရှိသည်
တွင်ခုံ၊ သံပြားဖြတ်စက်၊ ဝန်တင်ဝန်ချယာဉ်၊ ဝရိန်စက်၊ လယ်ထွန်စက်၊ မီးစက်၊ Milling Boring နှင့် အခြားစက်ယန္တရားများလည်း ရရှိနိုင်ပါသည်။
Contact: Toe Wai Aung, 09-254008946, 09-32364314
toewaiaung@gmail.com, www.tdkmachinery.com
အမှတ်(၁၂၉)၊ ဘန်ဒွေးကုန်း၊ မြို့မဘုရားလမ်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

M.E.E.G
ENGINEERING COMPUTER TRAINING CENTER
AutoCAD/ 3dsMax/ SketchUp/ MicroStation
SolidWorks/ Revit/ Etabs&Safe/ Estimate

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်